ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ (22-4-2014) (၇၀၁၈)

ထူးခြားသည့်နေ့အပူချိန်များ

ဟင်္သာတ	၄၄ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၃ ဒီဂရီစင်တီဂရိတ်
မကွေး	၄၃ ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၃ ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီး	၄၃ ဒီဂရီစင်တီဂရိတ်
ပြည်	၄၃ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်မည့် သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း ၃၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်

နေပြည်တော် ဧပြီ ၂၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီတွင် သူငွေးချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်း ရှင်းလင်းဆောင်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက ရေထိန်းစည်တူးဖော်ရာ၌ ကျောက်သား အနေအထားအရ အန္တရာယ်ရှိနိုင်သဖြင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး ဂရုစိုက်ရန်၊ ရေသွယ်ဥမင်လိုဏ်များ တူးဖော်ရာတွင်လည်း ဥမင်လိုဏ်မပြိုကျစေရေးနှင့် အလုပ်သမားများ ထိခိုက်အန္တရာယ်မရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ယန္တရားကြီးများဖြင့် ရေထိန်းစည်တူးဖော်နေမှု၊ အမှတ်(၁) ရေသွယ်ဥမင်လိုဏ်တူးဖော်နေမှုနှင့် ပင်မတမံအုတ်မြစ် လုပ်ငန်းများတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နေရပ်စွန့်ခွာလာသော တိုင်းရင်းသားများအား ကူညီလှူဒါန်း

လားရှိုး ဧပြီ ၂၁

နေရပ်စွန့်ခွာလာသူ လီဆူးတိုင်းရင်းသားများအား လားရှိုးမြို့ အလိုတော်ပြည့် ဆရာတော် ဦးဆောင်သော အောင်စေတနာရပ်ကွက်သူရပ်ကွက်သားများက ကူညီလှူဒါန်းကြသည်ဟု သိရသည်။

နေရပ် စွန့်ခွာလာသူများမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် တာလက်ကျေးရွာမှ လီဆူးတိုင်းရင်းသားမိသားစုများဖြစ်ကြောင်း သိရသည်။ အလှူရှင် အလိုတော်ပြည့် ဆရာတော်က မိန့်တော်မူသည်မှာ "နမ္မတူမြို့နယ် အီနိုင်းကျေးရွာမှာ လီဆူး တိုင်းရင်းသားမိသားစုတွေ နေရပ်စွန့်ခွာထွက်ပြေးလာကြတယ်။ စားဝတ်နေရေးခက်ခဲနေကြတယ်လို့ ဆရာတော်တို့ သတင်းကြားရပါတယ်။ ဆရာတော်ရဲ့ ကျောင်းက နမ္မတူသွားတဲ့လမ်းနားက မြို့ရှောင်လမ်းမကြီးပေါ် မှာပါ။ အီနိုင်းကျေးရွာနဲ့

စာမျက်နှာ ၃ ကော်လံ ၂ သို့ ❖

အင်းလေးကန် ရေပြင်ကျယ်အား ဤကဲ့သို့ စက်လှေစီး၍ လှေလာနိုင်။

မြန်မာနှစ်ကူးရုံးပိတ်ရက်များတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများအောင်မြင်

ရန်ကုန် ဧပြီ ၂၁

မြန်မာနှစ်ကူး အတာသင်္ကြန်ကာလများတွင် နိုင်ငံတော်မှ ဝန်ထမ်းများအတွက် ရုံးပိတ်ရက်အဖြစ် ၁၀ ရက် သတ်မှတ်ပေးမှုကြောင့် ပြည်တွင်းပြည်ပသို့ ခရီးသွားလာကြသည်များကို ကြားသိတွေ့မြင်နေရသည်။

ရန်ကုန်မြို့ မဟာသင်္ကြန်ကာလတွင် ပြည်ပမှ လာရောက်ကြသူ နိုင်ငံခြားသားများသည် သင်္ကြန်တွင်း ရေပက်ကစားခြင်း၊ ရေပက်ခံကားများဖြင့် ပျော်ရွှင်စွာ ရေပက်ခံထွက်ခြင်းတို့ကို ရန်ကုန်မြို့နေရာအနှံ့အပြား၌ တွေ့ခဲ့ရသည်။ ၎င်းတို့ကိုလည်း ပြည်သူများက ဖော်ရွေစွာ ဆက်ဆံကြသည်ကို တွေ့ခဲ့ရသဖြင့် ကြည်နူးမိသလို မြန်မာသင်္ကြန်ကို ပြည်ပမှလာရောက်ပါဝင်ဆင်နွှဲသဖြင့် မြန်မာသင်္ကြန်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထင်ပေါ်လာသည်မှာ သေချာလှသည်။

ယခု သင်္ကြန်လွန်ကာလရုံးပိတ်ရက်များတွင် မြန်မာနိုင်ငံ အနှံ့အပြားသို့ ပို့ဆောင်ပေးသည့် ဘုရားဖူးပို့ဆောင်ရေးနှင့် အနားယူအပန်းဖြေနိုင်သည့် ခရီးစဉ်များကို စုစည်းပို့ဆောင်ပေးသည့်အဖွဲ့များ အပြိုင်အဆိုင်ပေါ်ပေါက်လာမှုကြောင့် သင့်တော်သည့်၊ သွားလိုသည့်ခရီးစဉ်ရွေးချယ်ပြီး လိုက်ပါနိုင်သဖြင့် ဝန်ထမ်းများအတွက် အဆင်ပြေသလို ခရီးသွားပြည်သူများအတွက် စိတ်ချမ်းသာမှုရရှိသည်ကို သိရသည်။

ယခုနှစ်ဆန်းတစ်ရက်တွင် ဘုရားဖူးထွက်ခဲ့သည့် ကိုမောင်မောင်မြင့် (တာမွေမြို့နယ်နေသူ)အား ကြုံကြိုက်၍ မေးမြန်းစုံစမ်းခဲ့ရာ ၎င်းက "ရန်ကုန်မှ နှစ်ဆန်းတစ်ရက်နေ့ ညနေ ၆ နာရီခန့်တွင် စတင်ကားထွက်ခဲ့ပြီး နံနက် ၆ နာရီခန့်တွင် အောင်ပန်းသို့ရောက်ရှိကြောင်း၊ အောင်ပန်း၌

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ကြေးမုံစာတည်းရှုထောင့် ၂၂-၄-၂၀၁၄၊ အင်္ဂါနေ့

နှစ်ဦးဆုတောင်း

"မြန်အောင်တွင် ဆိုးဆေးပါသော စိမ်းစားငါးပိ ပိဿာချိန်တစ်ရာကျော် သိမ်းဆည်းဖျက်ဆီး"ဟူ၍ သတင်းတစ်ပုဒ်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နေခြည်ဈေးတွင် ငါးပိအရောင်းဆိုင်ငါးဆိုင်မှ စားသုံးသူ အန္တရာယ်ဖြစ်စေနိုင်သော ဆိုးဆေးပါသည့် ငါးပိ ပိဿာချိန်တစ်ရာကျော်ကို သိမ်းဆည်းကာ ပြည်သူ့ဆေးရုံတွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း ကြားသိရသည်။

မည်သို့ဆိုစေ မြန်အောင်မြို့၏ လုပ်ဆောင်ချက်သည် ငါးပိအများဆုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ဖောက်ကားရာ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးအတွက် သတိပေးခေါင်းလောင်းဖြင့်မီးမောင်းထိုးပြလိုက်နိုင်ခြင်းပင် ဖြစ်ပါသည်။ ဤသည်မှာ ယခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများ စတင်ဖွင့်လှစ်ပြီး အကောင်အထည်ဖော်နိုင်ခြင်း၏ အကျိုးထူးရလဒ်ထူးတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတော်မှ အစားအစာများကို FDA တရားဝင်စစ်ဆေးခွင့်ပြုလိုက် ခြင်းသည် စားသုံးသူပြည်သူများအား အန္တရာယ်စက်ကွင်းမှ တရားဝင်ကာကွယ်မှုပြုပေးလိုက်သည့် နိုင်ငံတော်၏ စေတနာစွမ်းဆောင်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။

ယခုအခါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများ ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများပါမကျန် FDA ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်သွားမည်ဆိုခြင်းသည် ပြည်သူတစ်ရပ်လုံးအတွက် နှစ်ဆန်းချိန်ခါကောင်းသတင်းမင်္ဂလာတစ်ရပ်ပင်ဖြစ်ပါသည်။

ဤလုပ်ငန်းကို စနစ်တကျ တိုးချဲ့နိုင်ရေးအတွက် ဦးစွာမြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကို၂၀၁၃ ခုနှစ် ဩဂုတ်လမှစ၍ ဦးစီးဌာနအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ဝန်ထမ်းအင်အားတိုးချဲ့ခြင်း၊ ဓာတ်ခွဲခန်းများ တိုးချဲ့ခြင်းစသည်ဖြင့် အဆင်သင့်ဖြစ်နေစေခဲ့ကြောင်းသိရသည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်များတွင် FDA ရုံးများ တိုးချဲ့ဖွင့်လှစ်ပြီး Mobile Team များဖြင့်လည်း တစ်နိုင်ငံလုံးအနှံ့ သွားရောက်စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ စားသုံးသူပြည်သူများအတွက် မင်္ဂလာသတင်းစကားများပင် ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်မှာ "မလျှာတတ်လျှင် ဈေးရောင်း"ဟူသော ဆိုရိုးစကားရှိပါသည်။ ဈေးရောင်းခြင်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး ပစ္စုပ္ပန်၊သံသရာ နှစ်ဖြာအကျိုးပေးသည်။ မွန်မြတ်သောသမ္မာအာဇီဝအလုပ်လည်း ဖြစ်ပါသည်။ သို့သော် ယခုအခါ မသမာသူလူတစ်စုက ဤအဖြူရောင်ကုသိုလ်ရေးအလုပ်ကို အရောင်ဆိုး ညစ်ထေးလာစေခဲ့သည်။ မြန်အောင်မှ ဖမ်းဆီးရမိအန္တရာယ် ငါးပိများကို မြေမြှုပ်ဖျက်ဆီးပစ်သလို မသမာမှုပြုသူများ၏ လောဘလွှမ်းကဲမိုက်မဲသော အတ္တစိတ်ကိုလည်း ဖျက်ဆီးပစ်လိုက်နိုင်ပါမှ တော်ကာကျပါမည်။ သို့မဟုတ်ပါလျှင် ထုတ်လုပ်အန္တရာယ်ပြုသူတချို့နှင့် ဖမ်းဆီးအရေးယူကာကွယ်ပေးနေသူများကြားမှာ တစ်ထောင့်တစ်ညပုံပြင်လို မဆုံးသံသရာ ရှည်နေဦးမည်မှာ အမှန်ဖြစ်ပါသည်။ စားသုံးနေသူပြည်သူများမှာလည်း သံသယကြားမှာ သဗ္ဗေသတ္တာ ကမ္မသကာဟူ၍ကံကိုသာယိုးမယ်ဖွဲ့လျက် မစားမဖြစ် စားသုံးနေကြရပါဦးမည်။

သက်ရောက်မှုတိုင်းမှာတန်ပြန်သက်ရောက်မှု ရှိစမြဲဖြစ်သည်။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမြဲလည်း ဖြစ်သည်။ အများပြည်သူကို အစာအဆိပ်ဖြစ်စေမှု၏တန်ပြန်သက်ရောက်မှုမှာ မတွေးဝံ့စရာပါ။ အစားအစာထုတ်လုပ်သူတချို့ သတိမူဆင်ခြင်နိုင်ကြပါစေ။

ဒေ့စ်ရေးလီက "လူ့ဘဝသက်တမ်းသည် တိုလွန်းလို့ သေးသိမ်နေဖို့ အချိန်မရှိပါ"ဟုဆိုခဲ့သည်။ ပညာရှိများက "ရေပွက်ပမာ တစ်သက်တာတည်း" ဟု လူ့ဘဝသက်တမ်းကို ရေမျက်နှာပြင်ပေါ်ထက် ခဏတစ်ဖြုတ် ပွက်လာသည့် ရေပွက်နှင့်ပမာနှိုင်းယှဉ်သတိပေးစကားပြောခဲ့ကြသည်။ ရခဲပေစွ လူ့ဘဝခဏတာလေးမှာ တန်ဖိုးရှိစွာ နေထိုင်တတ်မှုဟူသည် မိကောင်းဖခင်များ၏ လက္ခဏာဗီဇနှင့် ကျိုးကြောင်းဆင်ခြင်အသိဉာဏ်ပညာများ ဆက်နွယ် သက်ဆိုင်ပါသည်။

မည်သို့ဆိုစေ နှစ်ဟောင်းအညစ်အကြေးများကို သင်္ကြန်ရေနှင့် ပက်ဖျန်းဆေးကြောလျက် လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကိုကြို ယခုလိုမင်္ဂလာအခါသမယမှာ အစားအစာထုတ်လုပ်ဖြန့်ဖြူးသူတချို့သည်လည်း မင်္ဂလာယူကုသိုလ်ပွား ကောင်းကျိုးကိုယ်၌ တည်နိုင်ကြပါစေ။ ကိုယ်ချင်းစာနာစိတ်ကောင်းထား အများနည်းတူ ကုသိုလ်ပြု ကုသိုလ်ယူနိုင်ကြပါစေဟု နှစ်ဦးမှာ ဆုတောင်းလိုက်ရပါသည်။

နှစ်သစ်မှာ လူသစ်စိတ်သစ်ဖြင့် စေတနာမှန်နိုင်ကြပါစေ။ ။

တွံတေး၌ ကျေးရွာချင်းဆက်လမ်းနှင့် အုန်းပင်ချောင်း ချောင်းကူးတံတားဆောက်လုပ်

တွံတေး မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ရှမ်းခုလေးကျေးရွာမှ ရွှေလှေချောင် ကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် အုန်းပင်ချောင်း ချောင်းကူးတံတား**(အပေါ်ပုံ)** တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်၍ ကျေးရွာကိုးရွာမှ ကျေးလက်နေပြည်သူများ တွံတေးမြို့သို့ အချိန်အခါမရွေးသွားလာနိုင်တော့မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အုန်းပင်ချောင်း ချောင်းကူးတံတားမှာ အရှည်ပေ ၃၀၀၊ အကျယ် ၂၂ ပေရှိပြီးသံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ်တံတားအမျိုးအစားဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် လုပ်ငန်းစတင်ခဲ့ပြီး ဇွန်လတွင် ပြီးစီးမည်ဖြစ်ကာ ယခုအခါ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ကိုကို(H.G.P)

တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးမိသားစု သက်ကြီးပူဇော်

တပ်ကုန်း မေ ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအား သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ သက်ကြီးပူဇော်ပွဲသို့ အငြိမ်းစားဝန်ထမ်း ၁၂ ဦး တက်ရောက်ကန်တော့ခံ၍ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် ဝန်ထမ်းများ၊ တပ်ကုန်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများစုပေါင်းကာ ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြုပူဇော်ကန်တော့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းရေးရာ

❂ ရခိုင်ပြည်နယ်မှ

စိမ့်ရေတားနံရံ ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အား ၃၈၆ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက ရခိုင်ပြည်နယ် တစ်ခုလုံးအား လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်မည့်အပြင် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကိုလည်းဖြည့်စွမ်းပေးနိုင်မည့်စီမံကိန်းဖြစ်ပြီး ယခုအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၃၄ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တောင်ကုတ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးက တောင်ကုတ်မြို့နယ်နှင့်သံတွဲမြို့များသို့ လာမည့် ဇွန်လအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများကို ယခုနှစ် ဒီဇင်ဘာလမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကုတ်ပင်မ ဓာတ်အားခွဲရုံ Control Building နှင့် Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံတွဲဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဆက်သွယ်ဆောင်ရွက်မည့် စီမံကိန်းများပြီးစီးပါက စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ တောင်ကုတ်၊ သံတွဲ၊ မအီ၊ ကျောက်ဖြူ၊ ရမ်းဗြဲမြို့များနှင့် မဒဲကျွန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံချေးငွေ၊ တရုတ်နိုင်ငံမှ လှူဒါန်းငွေ၊ နိုင်ငံပိုင်နိုင်ငံခြားငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၀၂ ဒသမ ၄ သန်းနှင့် ပြည်တွင်းငွေကျပ်သန်းပေါင်း ၈၈၅၀၈ သန်း နိုင်ငံတော်မှ သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ်
ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့မှ မေလ (၄)ရက်နေ့အထိ

သပြေအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏သင်္ကြန်တွင်း တရားစခန်းသိမ်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ မဟာသင်္ကြန်ကာလ ၁၀ ရက် တရားစခန်း စခန်းသိမ်းအောင်ပွဲကို ဧပြီ ၂၁ရက်က သီရိဂန္ဓာကျောင်းတိုက်ပရိဝုဏ် ဓမ္မာရုံ၌ကျင်းပရာ ဌာနဆိုင်ရာအများစုဖြစ်သော ဒုလ္လဘ ၁၀၅ ပါးနှင့် အမျိုးသားယောဂီ ၄၀၊ သီလရှင်၊ အမျိုးသမီးယောဂီ စုစုပေါင်း ၃၀၅ ဦး ဝင်ရောက်အားထုတ်ခဲ့ကြသည်။

မိုးကုတ်ဝိပဿနာတရားစဉ်ကို ပဓာန နာယကဆရာတော် အရှင်ဂန္ဓမာလာ(ဓမ္မာစရိယ)နှင့် တောင်တွင်းဆရာတော် အရှင်ဝါသဝ(ဓမ္မာစရိယ)တို့ကအလုပ်ပေးတရားပြ နာယူမှတ်သားရသဖြင့် သံသရာသာမက လက်ရှိပစ္စုပ္ပန်လူမှုရေး နယ်ပယ်များပါ များစွာအကျိုးဖြစ်ထွန်းစေကြောင်း စခန်းဝင်ယောဂီတစ်ဦးက ပြောကြားသည်။

(ရာမညသွေးမွန်)

❖ ရွှေဖုံးမှ

နီးနေတယ်လေ၊ တိုင်းရင်းသားတွေ ဒုက္ခရောက်နေတယ်လို့ ကြားတဲ့နေ့ကစပြီး ဆရာတော်တို့ကျောင်းက ထမင်းဟင်းတွေအပြင် ဆန်၊ ဆီပို့ပြီး လှူပါတယ်၊ ဒီနေ့တော့ အောင်စေတနာရပ်ကွက်က ဆရာတော်ရဲ့ တပည့်သားမြေးတွေကလည်း လီဆူးမိသားစုတွေကို လှူချင်တယ်ဆိုလို့ ဆရာတော် ဦးဆောင်ပြီး လာလှူတာပါ”ဟုပြောသည်။

“အလိုတော်ပြည့် ဆရာတော် ဦးဆောင်တဲ့ အောင်စေတနာရပ်ကွက်မှ ယနေ့လှူဒါန်းတာက ဆန်အိတ် ၁၃ အိတ်၊ ဆီ ၁၁၄ ပုလင်း၊ ဆား ၅၇ ထုပ်နှင့် စားဖိုဆောင်သုံး ပစ္စည်း၊ မုန့်၊ အချိုရည် ၊ ရေသန့်ဘူးတွေ၊ အဝတ်အထည်တွေ စုစုပေါင်း ငွေကျပ် သိန်း ၂၀ ခန့် လှူဒါန်းခဲ့ပါတယ်” ဟု အောင်စေတနာရပ်ကွက်မှ ဦးသိန်းအေးက ပြောသည်။

“ဒီရွာမှာ နေရပ်စွန့်ခွာသူ အိမ်ထောင်စုပေါင်း ၅၇ စု၊ လူဦးရေ ၂၇၀ ပါ၊ ဒီအထဲမှာကလေးငယ် ၈၀ လောက်ပါတယ်၊ သက်ကြီးရွယ်အိုတွေပါတယ်လေ၊ လတ်တလောနေစရာကတော့ အီနိုင်းရွာက လီဆူးတိုင်းရင်းသားတွေက ကူညီကြလို့ ဝါးအိမ်လေးတွေနဲ့ဆောက်နေတယ်၊ စားဖို့တော့ ခက်ခဲနေသေးတာပေါ့၊ ဒါကြောင့် ကျွန်တော်တို့ကလည်း တတ်နိုင်သလောက် လာကူညီတာပါ”ဟု ဦးသိန်းအေးက ဆက်လက်ပြောကြားသည်။

အဆိုပါ နေရပ်စွန့်ခွာလာသူ လီဆူးတိုင်းရင်းသားအများစုမှာ လယ်ယာစိုက်ပျိုးခြင်း၊ လက်ဖက်စိုက်ပျိုးခြင်းဖြင့် ရိုးသားစွာ နေထိုင်ကြသူများဖြစ်ကြောင်း၊ အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်ဟု နေရပ်စွန့်ခွာလာသူ လီဆူးလူငယ်တစ်ဦးက ပြောပြသည်။ ထို့ပြင် လတ်တလောစားဝတ်နေရေးအတွက် မည့်သည့်အလုပ်ပဲရရလိုက်လုပ်နေရကြောင်း၊ ရွာကိုတော့မပြန်ရဲကြောင်း ပြောသည်။ **မမ(လားရှိုး)**

နှစ်သစ်မှာ ပီတိဖြစ်ရပါသည်

သင်္ကြန်ကာလအပြီး ၁၃၇၆ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့မှာ ကိုယ့်ထက် အသက်၊ ဝါကြီးတဲ့ ပင်စင်စားဦးလေးနဲ့အဒေါ်တို့ထံ အစဉ်အလာမပျက် သွားရောက်ကန်တော့ခဲ့ပါတယ်။ ဦးလေးနဲ့ အဒေါ်တို့ထံမှ နှစ်သစ်မှာ ပီတိဖြစ်ခဲ့ရပုံ ပြောကြားချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

“အန်ကယ်ရဲ့ ဝန်ထမ်းလုပ်သက်က ၃၈ နှစ်ပါ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းတယ်လီဖုန်းတွေကို ပြည်သူတွေ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူအသုံးပြုနိုင်ဖို့ ယမန်နှစ် ဧပြီလမှစပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်း SIM Card တွေကို တစ်ကတ်လျှင် ကျပ် ၁၅၀၀ နဲ့ ရောင်းပေးခဲ့တယ်”

“အဲဒီလိုရောင်းချပေးရာမှာ မူလက ပင်စင်စားတွေမပါပါဘူး။ အခုတစ်နှစ်အတွင်းမှာပဲ ပင်စင်စားတွေကို ခွဲတမ်းချပေးခဲ့လို့ အန်ကယ်လည်း တန်ဖိုးနည်းမိုဘိုင်းဖုန်းသုံးနိုင်ပါပြီ။ ဒါပေမယ့် ကိုယ်က ပင်စင်စားမို့တကယ့်သာရေး၊ နာရေးလောက်သာ ဖုန်းကို အသုံးပြုမှာမို့လို့ ငွေကုန်များမှာကို စိတ်ပူခဲ့ရတယ်။ အရင်က သတ်မှတ်ထားတဲ့ တန်ဖိုးနည်းဖုန်း SIM Card ဝယ်ယူပြီးတဲ့နေ့ကစပြီး ၁၅ ရက်အတွင်း အသုံးပြုဖို့ သတ်မှတ်ထားပေမယ့် အခု ရက် ၃၀ ထိ တိုးမြှင့်သတ်မှတ်ပေးသွားမှာရယ်၊ ဖုန်းပြောခကိုလည်း အရင်ကလို တစ်လကို အနည်းဆုံးကျပ် ၂၅၀၀ သုံးရမယ်လို့ သတ်မှတ်ခြင်းမရှိတော့ဘဲ ငွေဖြည့်ကတ်မှာပါတဲ့ သတ်မှတ်ခွင့်ပြုထားတဲ့ သက်တမ်းကာလအတိုင်း သုံးစွဲနိုင်ပြီလို့ မြန်မာ့ဆက်သွယ်ရေးက ကြေညာထားတာရယ်ကြောင့် အန်ကယ်တို့အတွက် အရမ်းကို အဆင်ပြေသွားတာမို့ ဝမ်းသာပီတိဖြစ်ရပါတယ်လို့ ပြောချင်ပါတယ်”ဟု ဦးလေးက နှစ်သစ်မှာ ပီတိဖြစ်ခဲ့ရပုံကို ပြောကြားခဲ့သည်။

“လက်ရှိ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေက ဒီလ(ဧပြီ)လကုန်မှာ နိုင်ငံတော်က ချီးမြှင့်တဲ့လစာတိုးမြှင့်ခြင်းကို ခံစားရမှာဖြစ်ပေမယ့် ဘဏ်ကနေတစ်ဆင့် လစဉ်ပင်စင်ထုတ်တဲ့ အန်တီတို့က သင်္ကြန်ပိတ်ရက်တွေအပြီး ရုံးပြန်ဖွင့်တဲ့ ရက်ကစပြီး တိုးမြှင့်ပင်စင်ထုတ်လို့ရပြီလို့သိရပါတယ်။ အန်တီက လုပ်သက်(၃၇)နှစ်မို့ အရင်လထက် ပင်စင်ငွေကျပ်တစ်သောင်းကျော်ကျော်တိုးမယ်လို့သိရပါတယ်။ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တာမို့ နိုင်ငံတော်က အခုလိုအသိအမှတ်ပြုတာကို ပီတိဖြစ်ရပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းအားလုံးကို အန်တီမှာချင်တာက နှစ်သစ်နဲ့အတူ ခွန်အားသစ် စိတ်အားသစ်များနဲ့ နိုင်ငံ့တာဝန်ကို သစ္စာရှိရှိ၊ ကျေကျေပွန်ပွန် ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည့် အန်တီ၏ဝမ်းသာပီတိစကားသည် ပင်စင်စားအားလုံး၏ ဝမ်းသာပီတိစကားများနှင့်ထပ်တူပင် ဖြစ်ပါလိမ့်မည်ဟု ယုံကြည်ပါသည်။

ကိုချစ်

အဖျက်မီးရန် စဉ်တွန်းလှန်
မြန်ပြည်အေးချမ်းမည်

အာဖဂန်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ မဲပေးပွဲ ဒေါက်တာအဗ္ဗဒူလာ အဗ္ဗဒူလာ ရှေ့ဆုံးမှဦးဆောင်

ကဘူး မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ၌ ကျင်းပလျက်ရှိသော သမ္မတရွေးကောက်ပွဲ၏ ဒုတိယအကျော့မဲပေးပွဲတွင် ဒေါက်တာအဗ္ဗဒူလာ အဗ္ဗဒူလာက ရှေ့ဆုံးမှဦးဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်နယ်ပေါင်း ၃၄ ခုတွင် မဲပေးသူ ခုနစ်သန်းခန့် ရှိသည့်အနက် ဒေါက်တာအဗ္ဗဒူလာ အဗ္ဗဒူလာက ထောက်ခံမဲ ၄၄ ဒသမ ၄၇ ရာခိုင်နှုန်းရရှိကြောင်း လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ အာမက်ယူဆွတ်နူရီစတာနီက ပြောကြားသည်။

ဒေါက်တာအဗ္ဗဒူလာ အဗ္ဗဒူလာသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ကြေညာခဲ့သော ပထမအကျော့မဲပေးပွဲရလဒ်အရ စုစုပေါင်းမဲအရေအတွက်၏ ၄၁ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့ပြီး ရွေးကောက်ပွဲတွင် ဦးဆောင်ခဲ့သည်။

ဒေါက်တာအဗ္ဗဒူလာ အဗ္ဗဒူလာသည် သမ္မတဟာမစ်ကာဇိုင်း၏ အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဟောင်းနှင့် ကမ္ဘာ့ဘဏ်၌ ပညာရှင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အက်ရှရက်ဖ်ဂါနီမှာမူ ဒုတိယအကျော့မဲပေးပွဲတွင် ထောက်ခံမဲ ၃၇ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၌ ရပ်တည်နေပြီး ဇာမေးရက်ဆိုးမှာ ထောက်ခံမဲ ၉ ဒသမ ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာ၌ ရှိနေသည်။ ရက်ဆိုးသည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဟောင်းလည်းဖြစ်သည်။ **ပီတီအိုင်။**

အာဖဂန်နစ္စတန် နယ်စပ် တိုင်းရင်းသား မျိုးနွယ်စုများနေထိုင်ရာ ဒေသတစ်နေရာတွင် မဲပုံးများကို မဲရုံသို့ သယ်ဆောင်စဉ်။

ရုရှားရေနံဓာတုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့ကို စီးပွားရေးဒဏ်ခတ်ရန် အမေရိကန်အမတ်များ တိုက်တွန်း

ဝါရှင်တန် မေ ၂၁

ရုရှားနိုင်ငံ၏ ရေနံဓာတုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့ကို စီးပွားရေးဒဏ်ခတ်အရေးယူရန် အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်) နိုင်ငံခြားဆက်ဆံရေးကော်မတီမှ အမတ်နှစ်ဦးက အစိုးရအဖွဲ့ကို တိုက်တွန်းလိုက်ကြောင်း အမေရိကန်သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ထိပ်တိုက်ပဋိပက္ခတွေ့မည့်လမ်းကြောင်းမှ ရှောင်ရှားရန် အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ တိုက်တွန်းချက်ကို လျစ်လျူရှုသဖြင့် ယင်းနိုင်ငံအား စီးပွားရေးဒဏ်ခတ်သင့်ကြောင်း ရီပတ်ဘလီကန်ပါတီမှ အထက်လွှတ်တော်အမတ် ဘော့ကော်ကာနှင့် ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ခရစ္စမာဖီတို့က ပြောကြားသည်။

ရုရှားနိုင်ငံ၏ ရေနံဓာတုလုပ်ငန်းဆိုင်ရာကုမ္ပဏီများနှင့် ဘဏ်လုပ်ငန်းကုမ္ပဏီများအပေါ် စီးပွားရေးဒဏ်ခတ်ရန် ၎င်းတို့က အဆိုပြုသည်။

ယူကရိန်းပဋိပက္ခ အဆုံးသတ်စေရေးအတွက် သံတမန်ရေး ကြိုးပမ်းအားထုတ်မှုများ မအောင်မြင်ပါက ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု ပြုလုပ်မည်ဖြစ်ကြောင်း သမ္မတဘာရက်အိုဘားမားက ပြောကြားခဲ့သည်။

အမေရိကန်ဒုတိယသမ္မတဂျိုးဘိုင်ဒင်သည် မေ ၂၁ ရက်တွင် ယူကရိန်းနိုင်ငံ မြို့တော်ကိယက်ဗ်သို့ သွားရောက်ကာ အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူများ၊ အမတ်များနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ **ပီတီအိုင်။**

ရုရှားနိုင်ငံရှိ ရေနံဓာတုစက်ရုံ တစ်ရုံကို တွေ့ရစဉ်။

စစ်ပြီးခေတ်အကြွေးနှင့်ပတ်သက်၍ ဂျပန်ကုန်သင်္ဘောကို တရုတ် ဖမ်းဆီး

တိုကျို မေ ၂၁

စစ်ပြီးခေတ်အကြွေးတစ်ရပ်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံက ဂျပန်ကုန်သင်္ဘောတစ်စင်းကို ဖမ်းဆီးထားခြင်းသည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများဆက်ဆံမှုကို ထိခိုက်နိုင်ကြောင်း ဂျပန်အစိုးရ ထိပ်တန်း ပြောရေးဆိုခွင့်ရှိသူက သတိပေးလိုက်သည်။

ရှန်ဟိုင်းရေကြောင်းသွားလာရေးဆိုင်ရာ တရားရုံးက မစ်ဆူအီအိုအက်စ်ကေကုမ္ပဏီပိုင် 'ဘာအိုစတီးအီမိုးရှင်း' သင်္ဘောကို ဖမ်းဆီးခဲ့ကြောင်း စနေနေ့တွင် ပြောကြားခဲ့သည်။

ယင်းသို့ဖမ်းဆီးခြင်းသည် ၁၉၃၆ ခုနှစ်၌ ငှားရမ်းခဲ့သော တရုတ်သင်္ဘောနှစ်စင်းအတွက် လျော်ကြေးငွေပေးခြင်းမရှိသည့်ကိစ္စနှင့် ဆက်နွယ်လျက်ရှိသည်။

အဆိုပါသင်္ဘောနှစ်စင်းကို နောက်ပိုင်းတွင် ဂျပန်စစ်ဘက်က အသုံးပြုခဲ့ပြီး ပင်လယ်ပြင်၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကျိုဒိုသတင်းဌာနက ပြောသည်။

မစ်ဆူအီကုမ္ပဏီပိုင်သင်္ဘောကို ထိုသို့ ရုတ်တရက်ဖမ်းဆီးလိုက်ခြင်းသည် အလွန့်အလွန် ဝမ်းနည်းဖွယ်ရာဖြစ်သည်ဟု ဂျပန်အစိုးရက သဘောထားကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒီဆူဂါက တနင်္လာနေ့တွင် ပြောသည်။

တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်သည် တရုတ်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိကြသော ဂျပန်စီးပွားရေးလုပ်ငန်းများအပေါ် အများအားဖြင့် အန္တရာယ်ကျရောက်ဖွယ်ရာရှိသည်ဟု ဆိုသည်။

အဆိုပါနစ်မြုပ်သွားခဲ့သည့် သင်္ဘောများကို ပိုင်ဆိုင်သော သင်္ဘောကုမ္ပဏီက ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် လျော်ကြေးရရှိရန် ကြိုးစားခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်တွင် ရှန်ဟိုင်းတရားရုံးတစ်ရုံး၌ ယင်းအမှုကို ပြန်လည်ဖွင့်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ဂလိုဘယ်တိုင်း(မ်)သတင်းစာက ဖော်ပြသည်။

နောက်ပိုင်းတွင် မစ်ဆူအီကုမ္ပဏီ၏ အစိတ်အပိုင်းဖြစ်သည့် ဒိုင်ဒိုကမ္ပဏီသို့ ငှားရမ်းခဲ့သည့် သင်္ဘောနှစ်စင်းအတွက် မစ်ဆူအီက လျော်ကြေးငွေအဖြစ် ယွမ်သန်း ၁၉၀(အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်း)ပေးရန် ၂၀၀၇ ခုနှစ်တွင် တရားရုံးက အမိန့်ချခဲ့ကြောင်း ဂလိုဘယ်တိုင်း(မ်)နှင့် ကျိုဒိုတို့က ဖော်ပြသည်။

မစ်ဆူအီက ၎င်းတရားရုံးအမိန့်ကို အယူခံဝင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် မူလတရားရုံးအမိန့်ကို အတည်ပြုခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ပြောသည်။ **ဘီဘီစီ။**

ဘော်စတွန် မာရသွန်အပြေးပြိုင်ပွဲ စတင် လုံခြုံရေးအစီအမံများ ပိုမိုတင်းကျပ်

ဘော်စတွန် မေ ၂၁

လွန်ခဲ့သည့်နှစ်က ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ငြိမ်သက်စွာ ဂါရဝပြုပြီးနောက် ယခုနှစ် ဘော်စတွန်မာရသွန်အပြေးပြိုင်ပွဲကို စတင်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြိုင်ပွဲဝင်ဦးရေ ၃၆၀၀၀ ကျော်ပါဝင်ယှဉ်ပြိုင်သည့် ဘော်စတွန်မာရသွန်ပြိုင်ပွဲ၌ ပုံမှန်အပြေးသမား ၉၀၀၀ ကျော်ရှိပြီး ပွဲကြည့်ပရိသတ်ဦးရေ ၅၀၀၀၀၀ ခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမာရသွန်ပြိုင်ပွဲအတွက် တာဝန်ရှိသူများက လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ထားပြီး ပြိုင်ပွဲကျင်းပရာနေရာအတွင်းသို့ ကျောပိုးအိတ်သယ်ဆောင်ခွင့်ကို ပိတ်ပင်ထားသည်။ စစ်ဆေးရေးစခန်းများ၌ အသေးစိတ်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ယမန်နှစ်ကကျင်းပခဲ့သော ဘော်စတွန်မာရသွန်ပြိုင်ပွဲ၌ ပန်းဝင်ရာနေရာအနီး၌ ဗုံးနှစ်လုံးပေါက်ကွဲခြင်းကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၂၆၀ ကျော်ရှိခဲ့သည်။

ယခုနှစ်ကျင်းပသော ဘော်စတွန်မာရသွန်ပြိုင်ပွဲတွင် ပြေးလမ်းအကွာအဝေး ၂၆ ဒသမ ၂ မိုင်(၄၂ ကီလိုမီတာ) တစ်လျှောက် ရဲတပ်ဖွဲ့ဝင်များ၊ ဗုံးအကာအကွယ်ပေးရေးအဖွဲ့ဝင်များ၊ အရေးပေါ်တုံ့ပြန်တိုက်ခိုက်ရေးအဖွဲ့ဝင်များ အပါအဝင် အခြားသောအဖွဲ့အစည်းများအား လုံခြုံရေး ထူထပ်စွာချထားသည်။

ဘော်စတွန်ရဲတပ်ဖွဲ့အနေဖြင့် သံမဏိအရံအတား ၈၀၀၀ ကျော်ကိုစိုက်ထူထားပြီး ယင်းမှာ ယမန်နှစ်ကထက် အရေအတွက် ၁၂၀၀ ပိုမိုသည်ဟုဆိုသည်။

မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဒီဗဲဂ်ပက်ထရစ်က မေ ၂၀ ရက်တွင် ဘီဘီစီရုပ်သံနှင့်တွေ့ဆုံပြောကြားရာ၌ မာရသွန်ပြိုင်ပွဲအတွက် လုံခြုံရေးအစီအမံများ ကောင်းမွန်သဖြင့် အလွန်ပင်စိတ်ချရသည်ဟု ပြောကြားခဲ့သည်။

ဘီဘီစီ။

ဘော်စတွန် မာရသွန် အပြေးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသော အပြေးသမားများကို တွေ့ရစဉ်။

သတင်းစာနှစ်စောင် ထုတ်ဝေမှုဆိုင်းငံ့ထားရန် ကူဝိတ်တရားရုံး ဆုံးဖြတ်

ကူဝိတ်စီးတီး မေ ၂၁

ကူဝိတ်အစိုးရအဖွဲ့အား ဖြုတ်ချနိုင်ရေးအတွက် အာဏာသိမ်းရန် အကြံအစည်တစ်ရပ် ရှိခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည်ဟူ၍ ရေးသားဖော်ပြခဲ့သည့် သတင်းစာနှစ်စောင်အား ထုတ်ဝေမှု ဆိုင်းငံ့ထားရန် တရားရုံးတစ်ရုံးက ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

ကူဝိတ်နိုင်ငံရှိ လွတ်လပ်သောသတင်းစာနှစ်စောင်ဖြစ်သည့် အယ်လ်ဝါတန်သတင်းစာနှင့် အယ်လ်လမ်အယ်လ်ယမ်သတင်းစာတို့၏ ထုတ်ဝေမှု ဆိုင်းငံ့ထားရန် တရားရုံး၏ ဆုံးဖြတ်ချက်ကို ကိုးကားလျက် ပြန်ကြားရေးဝန်ကြီးဌာနက အကြောင်းကြားခဲ့သည်။

ကူဝိတ်အစိုးရအဖွဲ့အား ဖြုတ်ချရန် ကြံစည်ခဲ့သည်ဆိုသော စွပ်စွဲချက်တစ်ရပ်နှင့်ပတ်သက်၍ ရှေ့နေချုပ်ရုံးက စုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းသို့ စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ မီဒီယာများက ဖော်ပြခြင်းမပြုရန် ပန်ကြားခဲ့မှုကို အဆိုပါသတင်းစာတိုက်များက မျက်ကွယ်ပြုခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါသတင်းစာတိုက်နှစ်တိုက်၏ ထုတ်ဝေမှုကို ရက်သတ္တ နှစ်ပတ်ကြာမျှ ရပ်ဆိုင်းထားရန် တရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မိမိတို့ဝမ်းနည်းမိကြောင်း အယ်လ်ဝါတန်သတင်းစာ စာတည်းမှူး ဝါဟစ်အယ်လ်ဂျက်ဆင်က ပြောကြားသည်။

တရားရုံး၏ဆုံးဖြတ်ချက်အရ အယ်လ်ဝါတန်သတင်းစာထုတ်ဝေရေးကုမ္ပဏီက ပိုင်ဆိုင်သော ရုပ်မြင်သံကြားဌာနနှစ်ခုကိုလည်း ထုတ်လွှင့်မှု ရပ်ဆိုင်းထားမည်ဖြစ်သည်။ **ပီတီအိုင်။**

ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းမည့် အိုဘားမား၏ အာရှခရီးစဉ်

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အာရှဒေသနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အထူးသဖြင့် အမေရိကန်နိုင်ငံအနေဖြင့် အာရှဒေသနှင့် လုံခြုံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ရက်သတ္တတစ်ပတ်ကြာမည့် အာရှလေးနိုင်ငံခရီးစဉ်ကို မေ ၂၂ ရက် (အင်္ဂါနေ့)တွင် စတင်ထွက်ခွာမည်ဖြစ်သည်။

အိုဘားမားသည် အဆိုပါခရီးစဉ်ကို အောက်တိုဘာလကတည်းက သွားရောက်ရန် စီစဉ်ထားခဲ့သော်လည်း အမေရိကန်အစိုးရ ယန္တရားရပ်ဆိုင်းမှုနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် အစီအစဉ်ပျက်သွားခဲ့ရခြင်းဖြစ်သည်။ အိမ်ဖြူတော်၏ ထုတ်ပြန်ကြေညာချက်အရ အိုဘားမားသည် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်။

"သမ္မတရဲ့ ပြည်ပခရီးစဉ်တွေထဲမှာ အခုသွားမယ့် အာရှခရီးစဉ်က ထူးခြားမှုရှိပါတယ်။ ဒီခရီးစဉ်မှာ ဘာထိပ်သီးအစည်းအဝေးမှမရှိဘဲ သွားရောက်တာဖြစ်ပါတယ်။ သွားရောက်မယ့် နိုင်ငံတစ်နိုင်ငံချင်းစီနဲ့ ဆက်ဆံရေးမြှင့်တင်ပြီး အာရှမဟာဗျူဟာကို ခိုင်မာအားကောင်းအောင် လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ ဒီဒေသမှာဖြစ်ပွားနေတဲ့ တင်းမာမှုတွေ အထူးသဖြင့် မြောက်ကိုရီးယားအရေးနဲ့ ပိုင်နက်နယ်မြေအငြင်းပွားမှုတွေကို ကူညီဖြေရှင်းပေးနိုင်မယ့် အခွင့်အရေးရရှိစေမှာပါ" ဟု အမျိုးသားလုံခြုံရေးအကြံပေး ဆူဆန်ရိုက်စ်က မေ ၁၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

အိုဘားမားသည် အဆိုပါခရီးစဉ်တွင် အမေရိကန်နိုင်ငံ၏ အာရှ-ပစိဖိတ်မဟာဗျူဟာကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်သကဲ့သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂွန်ဟေးတို့အကြား ဖြစ်ပေါ်နေသည့် တင်းမာမှုများကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိသည်။ ထို့ပြင် မလေးရှားအစိုးရနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အခွင့်အလမ်းရရှိမည်ဖြစ်ပြီး ဖိလစ်ပိုင်သမ္မတ ဘီနင်နို အကွီနို (၃)ကို ထောက်ခံကြောင်း ပြသနိုင်မည်ဖြစ်သည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ နျူကလီးယားလုံခြုံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တောင်ကိုရီးယား သမ္မတ ပါ့ခ်ဂွန်ဟေး၊ အမေရိကန်သမ္မတ အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ကို တွေ့ရစဉ်။

အဆိုပါခရီးစဉ်တွင် သမ္မတအိုဘားမားသည် သက်ဆိုင်ရာနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သကဲ့သို့ ဂျပန်ဘုရင် အကီဟီတိုကိုလည်း သွားရောက်တွေ့ဆုံမည်ဖြစ်သည်။ထို့ပြင် အိုဘားမားသည် တိုကျိုမြို့ရှိ ဂျပန်ဘုရင် မီဂျီ၏ ဂူဗိမာန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အမျိုးသားဘာသာရေး အဆောက်အအုံသို့ သွားရောက်လည်ပတ်ခြင်း၊ ကွာလာလမ်ပူမြို့ရှိ မလေးရာတက္ကသိုလ်တွင် နိုင်ငံပေါင်း ၁၀၀မှ လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမျိုးသားစစ်ပွဲ အထိမ်းအမှတ်အဆောက်အအုံတွင် လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းအပါအဝင် ဂျပန်နှင့် တောင်ကိုရီးယားထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

ဂျပန်၊တောင်ကိုရီးယား၊မလေးရှားနှင့် ဖိလစ်ပိုင်ခေါင်းဆောင်များသည်လည်း တရုတ်နိုင်ငံက ရေပိုင်နက်နှင့် လေပိုင်နက်ကို တစ်ဖက်သတ်ထိန်းချုပ်သတ်မှတ်ထားမှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ၏ တန်ပြန်အင်အားဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်နေကြသည်။ တရုတ်နိုင်ငံက လေကြောင်းကာကွယ်ရေးဇုန်ကို နိုဝင်ဘာလတွင် ထူထောင်သတ်မှတ်လိုက်ပြီး ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်တိုင်ပေတို့၏ လေပိုင်နက်များနှင့် ထိစပ်လျက်ရှိနေသည်။ အခြားတစ်ဖက်တွင်လည်း မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေအငြင်းပွားမှုများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။

အဆိုပါအကြောင်းအရာများသည် အမေရိကန်နိုင်ငံအတွက် နိုင်ငံရေးအရအခွင့်အလမ်းတစ်ခုဖြစ်ပြီး အာရှနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာတောင့်တင်းရန် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ သို့သော် အိုဘားမားအနေဖြင့် မဟာမိတ်နိုင်ငံများကို ထောက်ခံနေသည့်တိုင် တရုတ်နိုင်ငံနှင့် မိတ်မပျက်စေရန် သတိထားရန်လိုအပ်မည်ဖြစ်ကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ် ပြည်သူ့မူဝါဒရေးရာ ပါမောက္ခ အန်ဒရူး ကနေဒီက ပြောကြားသည်။

အမေရိကန်နိုင်ငံက အာရှ-ပစိဖိတ်ဒေသရှိ ၎င်း၏ မဟာမိတ်နိုင်ငံများကို ထောက်ခံအားပေးခြင်းဖြင့် အခြားတစ်ဖက်တွင်လည်း တရုတ်-အမေရိကန်ဆက်ဆံရေးသည် နှစ်နိုင်ငံရန်လိုမုန်းတီးပြီး ထိပ်တိုက်ရင်ဆိုင်ရမည့် အခြေအနေသို့ ပြောင်းလဲမသွားရန် လိုအပ်ကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သည့် ရန်ဝုခ်ယူက တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံအရေးနှင့် ခရိုင်းမီးယားပြဿနာများတွင် အမေရိကန်နိုင်ငံ၏ အခန်းကဏ္ဍမှာ ထင်သလောက် ခရီးမပေါက်ခဲ့ဘဲ အမေရိကန်နိုင်ငံ၏ တုံ့ပြန်မှုများနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာဖြစ်ခဲ့ရသည်။ အာရှ-ပစိဖိတ်မဟာဗျူဟာကို ပြန်လည်ဟန်ချက်ညီရန် ကြိုးပမ်းလာမည့် သမ္မတအိုဘားမား၏ အာရှခရီးစဉ်တွင် ၎င်း၏ မိတ်ဖက်နိုင်ငံများကို မည်သည့်အတိုင်းအတာထိ ကူညီပံ့ပိုးပေးနိုင်မည်ကို လေ့လာစောင့်ကြည့်ရမည်ဖြစ်သကဲ့သို့ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို မည်သို့ထိန်းသိမ်းသွားမည်နည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

အောင်မင်းစိုး

ဆော်ဒီအာရေဗျတွင် မားစ်ရောဂါကြောင့် သေဆုံးသူများပြားလာ

ရီယက် မေ ၂၁

ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီးဌာနသည် မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသတွင် ကူးစက်ဖြစ်ပွားခဲ့သည့် ဆားစ်ရောဂါနှင့် ဆက်နွှယ်မှုရှိမည့် မားစ်ရောဂါဗိုင်းရပ်စ်ပိုးကြောင့် သုံးဦးထပ်မံသေဆုံးသွားကြောင်း ထုတ်ပြန်ကြေညာသည်။

တနင်္ဂနွေနေ့ညနေပိုင်းက မားစ်ရောဂါကြောင့် သေဆုံးသူအရေအတွက်ကို ထုတ်ပြန်ကြေညာထားပြီး ယခု သေဆုံးသူများမှာ ဂျက်ဒါမြို့မှ အသက် (၄၉) နှစ် အရွယ်လူတစ်ဦး၊ နိုင်ငံတောင်ပိုင်း နာဂျန်ဒေသမှ အသက် (၆၈) နှစ်အရွယ် လူတစ်ဦးနှင့် နိုင်ငံအနောက်ပိုင်း မန်ဒီနာမြို့မှ အသက် (၆၈) နှစ်ရှိ လူတစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် မားစ်ရောဂါကြောင့်သေဆုံးသူ ၂၀ အထိ ရှိလာပြီး ကူးစက်ခံရသူ ၄၉ ဦး ရှိသွားပြီဖြစ်သည်။ ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီး အဗ္ဗဒလာ အယ်လ်ရာဘီယာက အဆိုပါ ရောဂါကူးစက်မှုကို

အတတ်နိုင်ဆုံးထိန်းချုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကတည်းက မားစ်ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၇၉ ဦးရှိပြီဟု သိရသည်။ **အေပီ။**

ဆိုမာလီလွှတ်တော်အမတ် ကားဗုံးခွဲအသတ်ခံရ

မိုဂါဒစ်ရှူး မေ ၂၁

ဆိုမာလီလွှတ်တော်အမတ်တစ်ဦးသည် ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးတွင် တနင်္လာနေ့က ကားဗုံးခွဲတိုက်ခိုက်ခံရကာ သေဆုံးသွားခဲ့ကြောင်း ဆိုမာလီရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် အီဆက် မိုဟာမတ် ရီနိုသည် ၎င်း၏ ကားအောက်တွင် ချိတ်ဆွဲထားသော ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အခြားလွှတ်တော်အမတ်တစ်ဦးဖြစ်သည့် မိုဟာမက်အလီသည်လည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းတိုက်ခိုက်မှုကို အယ်လ်ရှာဘတ်သူပုန်အဖွဲ့က ၎င်းတို့၏ လက်ချက်ဟု ထုတ်ဖော်ဝန်ခံခဲ့ပြီး ဆိုမာလီဝန်ကြီးချုပ်က သတ္တိနည်းသောတိုက်ခိုက်မှုဟု ရှုတ်ချခဲ့သည်။ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် အယ်လ်ရှာဘတ်သူပုန်အဖွဲ့သည် အစိုးရအရာရှိများ၊ အာဖရိကငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များနှင့် နိုင်ငံခြားသားများကို မကြာခဏဆိုသလို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။ **အေပီ။**



ဆေးပညာသတင်းဆန်းများ (၆၁)

ဒေါက်တာကံညွန့်

ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ကျရောက်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ချစ်သူများနေ့ကတော့ ပြီးသွားခဲ့ပါပြီ။ အချစ်ကြောင့် လူ့ခန္ဓာကိုယ်မှာ ဘယ်လိုများ အကျိုးသက်ရောက်နိုင်ပါသလဲ။ ဆေးပညာရှုထောင့်က ချစ်သူတွေအပေါ် အမေရိကန်နိုင်ငံက ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်ကို တင်ပြချင်ပါတယ်။ ပြီးတဲ့နောက် အသက်ကြီးလာတဲ့အခါ ချစ်သူခင်သူမရှိတော့လို့ တစ်ကိုယ်ရည်တစ်ကာယ အထီးကျန်နေကြရသူတွေမှာ ကျန်းမာရေးဘယ်လိုထိခိုက်မှုရှိနိုင်သလဲ ဆိုတာကိုပါ တင်ပြမှာ ဖြစ်ပါတယ်။

အမေရိကန်မှ ဆေးသုတေသီတွေက ချစ်ခြင်းဟာ ကိုက်ခဲနာကျင်ခြင်းကို သက်သာစေတယ်လို့ ဆိုပါတယ်။ ချစ်ခြင်းကြောင့် ဦးနှောက်ထဲမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေကို MRI ခေါ်တဲ့ Magnetic Resonance Imaging နည်းနဲ့ကြည့်ပြီး ပုံဖော်လေ့လာခဲ့တာ ဖြစ်ပါတယ်။ ဒီကတစ်ဆင့် ဦးနှောက်ထဲက ပြောင်းလဲမှုအပေါ် မူတည်ပြီး အကိုက်အခဲ၊ အနာပျောက်ဆေးကောင်းတစ်ခု ဖော်စပ်နိုင်မယ်လို့ မျှော်လင့်ထားကြောင်း သိရပါတယ်။

နောက်လေ့လာချက်တစ်ခုမှာတော့ ချစ်ခြင်းဟာ လူ့ကိုယ်ခံအားကို မြှင့်တင်နိုင်စွမ်းရှိတယ်လို့ ဆိုထားပါတယ်။ အမေရိကန်နိုင်ငံက တက္ကသိုလ်ကျောင်းသားစုံတွဲတချို့ကို လေ့လာတဲ့အခါ တစ်ပတ်မှာ တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ချစ်တတ်သူတွေမှာ သူတို့ရဲ့ Iga ခေါ် Immunoglobulin A ခေါ်တဲ့ ကိုယ်ခံအားဓာတ်ဟာ မြင့်တက်နေတယ်လို့ ဆိုပါတယ်။ ဒါကို သူတို့တံတွေးကို စမ်းလိုက်ရုံနှင့် သိနိုင်ခဲ့တာဖြစ်ပါတယ်။

နောက်လေ့လာချက်တစ်ခုထဲမှာတော့ ချစ်သူတွေဟာ အချင်းချင်းပွေ့ဖက်ထားကြတဲ့အခါ Stress ခေါ်တဲ့ စိတ်ဖိစီးမှုတွေ လျော့ကျသွားပြီး နှလုံးခုန်မှု ကျဆင်းခြင်း၊ သွေးပေါင်ချိန်ကျဆင်းခြင်းနှင့်အတူ စိုးရိမ်ပူပန်မှုတွေ ပျောက်ကင်းသွားတယ်လို့ ဆိုပါတယ်။ ဒါဟာ Oxytocin ဆိုတဲ့ ဟိုမုန်းဓာတ်ဟာ ဒီလိုပွေ့ဖက်ထားချိန်မှာ ထွက်လာတတ်တာကြောင့်လို့ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက် အချစ်မရှိတဲ့ အထီးကျန်သက်ကြီးရွယ်အိုတွေမှာရော ကျန်းမာရေးဘယ်လိုထိခိုက်နိုင်သလဲ။ အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်က ဆေးပညာရှင်တွေ လေ့လာထားတာကို တင်ပြပါရစေ။ အသက် (၅၀) အထက် အထီးကျန်ဖြစ်နေသူ လူ ၅၀၀၀ ကျော်ကို လေ့လာထားချက်အရ တစ်ကိုယ်ရည် တစ်ကာယသမားတွေဟာ သာမန်လူတွေထက် စောစောသေဆုံးဖို့ အခွင့်အလမ်း နှစ်ဆပိုများပြီး အဝလွန်သူတွေထက် ၁၄ ရာခိုင်နှုန်းပိုများနိုင်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ စိတ်ဖိစီးမှုအမြဲလိုလိုဖြစ်နေတတ်ကြပြီး သာမန်လူတွေထက် Cortisol ဟိုမုန်းဓာတ်ထုတ်လုပ်မှု ပိုများတတ်တာကြောင့် သွေးတိုးရောဂါ၊ လေဖြတ်ရောဂါနှင့် နှလုံးရောဂါတို့ ပိုဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ အထီးကျန်ဘဝမှာ စိတ်ကျရောဂါနှင့် မပျော်မရွှင်နေရတာကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အိပ်မပျော်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် ကိုယ်ခံအားကျပြီး စောစောအသက်ဆုံးရှုံးကြရတာလို့ ဆိုထားကြောင်း တင်ပြလိုက်ရပါတယ်။

အထီးကျန်ဘဝမှာ စိတ်ကျရောဂါနှင့် မပျော်မရွှင်နေရတာကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အိပ်မပျော်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် ကိုယ်ခံအားကျပြီး စောစောအသက်ဆုံးရှုံးကြရ။

မိသားစုတစ်ခုမှာ ကလေးထပ်မလိုချင်တော့ရင် အမျိုးသမီးမှာ သားကြောဖြတ်ချင်ဖြတ်၊ စားဆေး စားရင်စား၊ သုံးလခံ၊ ခြောက်လခံဆေး ထိုးရင်ထိုး ၊ သားအိမ်ထဲကို IUD ခေါ်တဲ့ ပစ္စည်းလေး ထည့်ရင်ထည့်၊ လက်မောင်း အရေပြားအောက်မှာ ဟိုမုန်းပါတဲ့ အပြားလေး ထည့်ရင်ထည့် စတဲ့နည်းတွေ သုံးနိုင်ပါတယ်။ အမျိုးသားတွေဘက်ကတော့ Visectomy ခေါ်တဲ့ သားကြောဖြတ်တာ လုပ်ရင်လုပ်၊ Condom သုံးရင်သုံး စတဲ့နည်းတွေလောက်ပဲ ရှိခဲ့တယ်။ ယခုအခါမှာ ယောကျ်ားတွေမှာ ၁၀ နှစ်ကြာ ပဋိသန္ဓေတားနိုင်တဲ့ ထိုးဆေးတစ်ခုပေါ်လာပါပြီ။ ဒီနည်းကိုတော့ အိန္ဒိယနိုင်ငံ Kharagpur မြို့မှ ဆေးပညာရှင်တွေ ကစမ်းသပ်ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးဟာ ကလေးပြန်လိုချင်တဲ့အချိန်မှာ ဆေးထိုးတာရပ်လိုက်ရင် ကလေးပြန်ရနိုင်တဲ့နည်းဖြစ်ပါတယ်။ သူတို့အခေါ် Reversible Inhibition of Sperm Under Guidance အတိုကောက် (RISUG)လို့ခေါ်ပါတယ်။ ဒီဆေးဟာ ဟိုမုန်းဓာတ် မပါဘဲ Polymer base နဲ့ ဖော်စပ်ထားတာဖြစ်ပြီး Positive Electrical Charge ကို ထုတ်လွှတ်ပြီး Negative Electrical Charge ဖြစ်တဲ့ Sperm ရဲ့လှုပ်ရှားမှုကို တားအောင်လုပ်ထားတဲ့ဆေးပါ။ ဒီဆေးကို အမျိုးသားလိင်အင်္ဂါအပေါ်နားက Vas Differen ဆိုတဲ့နေရာမှာထိုးရတာပါ။ ဒီ RISUG နည်းမှာ RISUG Ad နှင့် RISUG PH ဆိုပြီး နှစ်မျိုးရှိပြီး Ad အမျိုးအစားကတော့ ပဋိသန္ဓေတားနိုင်တဲ့ အာနိသင်အပြင် Prostate Cancer ခေါ်တဲ့ ဆီးကျိတ်ကင်ဆာကို ကာကွယ်နိုင်ပြီး PH အမျိုးအစားကတော့ ယောကျ်ားတွေမှာ ခေါင်းပြောင်တာကိုပါ ကာကွယ်နိုင်တယ်လို့ ဆိုထားပါတယ်။ ဒီဆေးပေါ်လာတာဟာ ယောကျ်ားတွေအတွက်တော့ အတော်အသုံးဝင်မယ့်ဆေးတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

ကမ္ဘာတစ်လွှား တီဘီရောဂါခံစားနေရသူ ၈ ဒသမ ၇ သန်းခန့်ရှိနေတယ်ဆိုတာ လူတိုင်းအသိပါ။ ဒီအထဲက လူပေါင်း လေးသိန်းငါးသောင်းခန့်ဟာ တီဘီဆေးဘာဆေးမှ မတိုးနိုင်တဲ့ Multiple Drug Resistance (MDR) နှင့် Extensively Drug Resistance (XDR) TB အမျိုးအစားကို ခံစားနေရသူတွေပါ။ ဒီလူတွေအတွက် ဝမ်းသာစရာကုထုံးတစ်ခုကို ဗြိတိန်နှင့် ဆွီဒင်နိုင်ငံမှ သိပ္ပံပညာရှင်တွေက ဖော်ထုတ်နိုင်ခဲ့ကြပါပြီ။ သူတို့ကုထုံးကတော့ အဲဒီရောဂါခံစားနေရတဲ့လူရဲ့ Bone Marrow ထဲက Stem Cell ကိုယူပြီး အဲဒီလူနာရဲ့ သွေးကြောထဲကို ပြန်သွင်းကုသနည်းပဲဖြစ်ပါတယ်။ ဒီလိုကုသပြီး ခြောက်လအကြာမှာတော့ သူတို့မှာ ရောဂါမရှိဖြစ်နေတာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒီလိုဝေဒနာရှင် ၃၀ ကို ပထမတစ်ကြိမ်စမ်းသပ်ရာမှာ ရောဂါရှင်တစ်ဝက်လောက်ဟာ ဒီကုထုံးနဲ့ ပျောက်ကင်းသွားတာကို တွေ့ရကြောင်း Lancet Medical ဂျာနယ်မှာ ဖော်ပြထားတာကိုတင်ပြလိုက်ရပါတယ်။

ကင်ဆာရောဂါနှစ်မျိုးမှာ ထိရောက်စွာအသုံးပြုနိုင်တဲ့ ဆေးတစ်မျိုးကို ဗြိတိသျှဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Glaxo-Smith Kline(GSK) ခေါ်တဲ့ဆေးကုမ္ပဏီကြီးက တီထွင်လိုက်ပါပြီ။ ဒီဆေးဟာ အဆုတ်ကင်ဆာမှာရော အရေပြားမှာဖြစ်တတ်တဲ့ Melanoma ခေါ်တဲ့ မှဲ့ကင်ဆာရောဂါမျိုးမှာပါ ထိရောက်စွာ ကုသနိုင်တယ်လို့ဆိုပါတယ်။ နာမည်ကတော့ TAFINLAR လို့ခေါ်ပြီး DABRAFENIB လို့လည်း လူသိများကြတဲ့ဆေးပါ။ ဒီဆေးဟာ ပထမ အရေပြားကင်ဆာအတွက်သာ အသုံးပြုခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာ အဆုတ်ကင်ဆာမှာ မြန်ဆန်ထိရောက်စွာ ကုသနိုင်တာကြောင့် အစွမ်းထက်တဲ့ဆေးတစ်ခုအဖြစ် အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက ခွင့်ပြုလိုက်တာ ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Green Tea ခေါ်တဲ့ လက်ဖက်ရည်ကြမ်းဟာ ကျန်းမာရေးအတွက် လူတိုင်း သောက်သင့်ကြောင်း၊ ဒါပေမယ့် သွေးပေါင်ကျဆေးတစ်မျိုးဖြစ်တဲ့ NADOLOL နှင့် တခြားသွေးပေါင်ကျဆေးတွေသောက်တဲ့အခါ ဒီ Green Tea ဟာ ယင်းဆေးတွေရဲ့ သွေးထဲရောက်သွားနိုင်မှုကို အဟန့်အတားဖြစ်စေတာကြောင့် ဒီဆေးတွေသောက်ပြီး အနည်းဆုံး လေးနာရီ၊ ငါးနာရီခန့်ခြားပြီးမှ Green Tea ကို သောက်သုံးသင့်ကြောင်း သတိပေးထားပါတယ်။ Green Tea ဟာ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆီကျခြင်း၊ နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ အစာအဆိပ်အတောက်ဖြစ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ Anti Oxidant အစွမ်းရှိခြင်း၊ အရေပြားကျန်းမာရေးအတွက် ကောင်းမွန်ခြင်းရှိနိုင်တာကြောင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကမ္ဘာတစ်လွှားမှ လူအများသောက်သုံးနေတဲ့ လက်ဖက်ရည်ကြမ်းတစ်မျိုးဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ကလေးတွေဟာ ငယ်စဉ်ကပဲ အဝလွန်ဖြစ်ခဲ့ရင် ကြီးလာတဲ့အခါလည်း အဝလွန်ဖြစ်တတ်ပြီး နှလုံးရောဂါဖြစ်နိုင်ခြေပိုများနိုင်တယ်ဆိုတဲ့ လေ့လာထားချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ကလေးတွေ နှစ်နှစ်၊ သုံးနှစ်အရွယ်မှာ ပုံမှန်ဝနေတတ်ပြီး အသက် လေးနှစ်မှ ခြောက်နှစ်အရွယ်မှာ အရပ်ထွက်လာတာနှင့်အမျှ အဝလွန်မှုနည်းသွားနိုင်ပါတယ်။ ဒါကို အရပ်နှင့် ကိုယ်ခန္ဓာအလေးချိန်အချိုးအစားညွှန်းကိန်းဖြစ်တဲ့ BMI (Body Mass Index) နဲ့ သိနိုင်ပါတယ်။ ဒါပေမယ့် အသက် လေးနှစ်၊ ခြောက်နှစ်အရွယ်လောက်မှာ BMI ညွှန်းကိန်းဟာ အဝလွန်ဖြစ်နေရင် ဒီအခြေအနေကို Adiposity Rebound လို့ခေါ်ကြောင်း ကလေးတွေရဲ့အဝလွန်မှုကို လေ့လာနေတဲ့ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားဆေးတက္ကသိုလ်က ဆေးပညာရှင်တွေက သတ်မှတ်ထားပါတယ်။ ဒီလေ့လာချက်ဟာ ဂျပန်နိုင်ငံ Dokkyo Medical University က သုတေသီတချို့ရဲ့ လေ့လာထားချက်နှင့် တူညီနေပါတယ်။ ဒီလေ့လာထားချက်မှာ ၁၉၉၅-၉၆ ခုနှစ်မှာ မွေးတဲ့ကလေး ၂၇၁ ဦးကို ၁၂ နှစ်ကြာ လေ့လာထားခဲ့တာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ကလေး သုံးနှစ်အရွယ်မှ BMI ညွှန်းကိန်း ၂၀ ခန့်သာရှိရမှာဖြစ်ပြီး ဒါဟာ အရပ် ငါးပေရှည်ပြီး ကိုယ်အလေးချိန် ၁၀၈ ပေါင်ရှိတဲ့ ကလေးနဲ့အတူတူပဲလို့ဆိုပါတယ်။ Adiposity Rebound ရှိတဲ့ ကလေးတွေဟာ သာမန်ကလေးတွေထက် သွေးထဲမှာ Triglycerid မြင့်နေတတ်ပြီး သွေးတိုးရောဂါကိုလည်း ၁၂ နှစ်အရွယ်လောက်ကပဲ တွေ့ရတတ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကလေးအသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း အဝလွန်နေတယ်လို့ထင်ရင် BMI ညွှန်းကိန်းကို တိုင်းတာပြီး သက်ဆိုင်ရာ သမားတော်တွေ၊ ကလေးဆရာဝန်ကြီးတွေနှင့် တိုင်ပင်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းပုဒ်ကတော့ နှလုံးရောဂါနှင့် သက်ဆိုင်ပါတယ်။ ယခင်က နှလုံးရောဂါဖြစ်နိုင်ခြေရှိသူတွေဆိုပြီး သတ်မှတ်ခံရတဲ့လူတွေဟာ

(၁) ဆေးလိပ်တာရှည်သောက်သူတွေ
(၂) သွေးတိုးရောဂါရှိသူတွေ
(၃) ဆီးချိုရောဂါရှိသူတွေ
(၄) အဆီဓာတ် သွေးထဲမှာ မြင့်နေသူတွေ
(၅) အဝလွန်သူတွေနှင့်
(၆) မျိုးရိုးအမေ၊ အဖေ နှလုံးရောဂါရှိခဲ့ဖူးသူတွေကိုသာ သတ်မှတ်ထားခဲ့ကြတာပါ။

ယခု အသစ်လေ့လာတွေ့ရှိချက်တွေအရ အောက်ပါအချက်တွေကိုလည်း နှလုံးရောဂါဖြစ်နိုင်ခြေရှိသူစာရင်းထဲမှာ ထည့်ရတော့မယ်လို့ ဆိုပါတယ်။

(၁) အိပ်ရေးဝဝ မအိပ်ရသူ (တစ်ရက်လျှင် ခုနစ်နာရီထက် နည်းပြီး အိပ်သူတွေ)
(၂) စိတ်ဖိစီးမှုများသူ
(၃) စိတ်ကိုပျော်ပျော်ရွှင်ရွှင် မနေတတ်သူတွေနှင့်
(၄) ညစ်ညမ်းတဲ့လေထုထဲမှာ နေ့စဉ်နေထိုင်ရသူတွေတို့ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အရက်သောက်သူများအတွက် အရက်နဲ့ အဆင်မပြေဖြစ်နိုင်တဲ့ဆေးတွေကို အသိပေးဖော်ပြချင်ပါတယ်။ ဒီသတင်းပေးချက်ကိုတော့ ဩစတြေးလျနိုင်ငံက ဆေးကို အလိမ္မာနှင့် သုံးစွဲဖို့ ဖွဲ့ထားတဲ့ ပညာရှင်အဖွဲ့တစ်ဖွဲ့က ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ဒီဆေးတွေကတော့ ပိုးသေဆေးတချို့ဖြစ်တဲ့ Metronidazol Tinidazole,Co-trimoxazol နှင့် Linezolide ဆေးတို့ပဲဖြစ်ပါတယ်။ ဒီဆေးတွေဟာ အရက်နှင့်အတူ သောက်မိရင် ပျို့ဝေခြင်း၊ အော့အန်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ နှလုံးခုန်မမှန်ခြင်းတို့ ဖြစ်ပေါ်စေတာကြောင့် အရက်နှင့်တွဲဖက် မသောက်သင့်ကြောင်း သတိပေးထားတာ ဖြစ်ပါတယ်။

အကိုက်အခဲပျောက်ဆေးဖြစ်တဲ့ Paracetamol နှင့် Aspirin ဆေးတို့ဟာလည်း အရက်နဲ့အတူ တွဲသောက်ရင် အစာအိမ်ထဲက Mucosa Layer ကို ပျက်စီးစေပြီး သွေးယိုစိမ့်မှုတွေ ဖြစ်နိုင်တာကြောင့် အရက်နှင့်အတူ မသောက်သင့်ကြောင်း သတိပေးထားပါတယ်။ နောက်အရက်နှင့်အတူ မသောက်သင့်တဲ့ ဆေးအချို့ကတော့ Warfarin, Ibuprofen, Indomethacin, Cimetidine,Glibenclamide,tolbutamide နှင့် Metformin ဆေးတို့ ဖြစ်ပါတယ်။ အရက်ပုံမှန်ထက်ပိုပြီး နေ့စဉ်သောက်သုံးကြသူများအတွက် သတိထားနိုင်အောင် တင်ပြရင်း ယခုတစ်ပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

လူကုန်ကူးခံရသူ အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်မှ အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံတွင် လူကုန်ကူးခံရပြီး ထွက်ပြေးလာကာ တရုတ်နိုင်ငံ မိန်းတိန်မြို့ မိန်းတိန်ရဲစခန်းတွင် ရောက်ရှိနေသဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေး မိခင်ဖြစ်သူထံ ဖုန်းဖြင့် အကြောင်းကြားချက်အရ မိခင်ဖြစ်သူသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (ရန်ကုန်)သို့ ဆက်သွယ်အကြောင်းကြားရာ တပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့စိတ် (ချင်းရွှေဟော်)သို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့စိတ် (ချင်းရွှေဟော်)မှ တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် နံနက်တွင် တရုတ်နိုင်ငံ နှစ်နိုင်ငံ ဆက်ဆံရေးမှူး မစ္စတာလီကျင့်မြင်မှ တစ်ဆင့် မိန်းတိန်ရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ မိန်းတိန်ရဲစခန်းမှ ညနေ ၃ နာရီတွင် အဆိုပါအမျိုးသမီးအား တရုတ်-မြန်မာနယ်စပ်ဂိတ်သို့ လာရောက်လွှဲပြောင်းပေးသဖြင့် တပ်ဖွဲ့စိတ် (ချင်းရွှေဟော်)မှ လက်ခံခဲ့ပြီး လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကာ မေ ၂၁ ရက် နံနက်တွင် တပ်ဖွဲ့စု (ရန်ကုန်)မှတစ်ဆင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ် (၈)ရပ်ကွက် ရာဇမိရာဇ် လမ်းနေ မစိုးစိုးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက ၎င်းအား ရှမ်းပြည်နယ်ရှိ UNICEF တွင် ဆေးဝါးဖြန့်ဖြူးရသည့် အလုပ်လုပ်ရမည်ဖြစ်ကြောင်း၊ တစ်လလျှင် လစာကျပ်တစ်သိန်းခွဲ(သို့) နှစ်သိန်းရမည်ဟု စည်းရုံးခဲ့ကြောင်း၊ လားရှိုးသို့ ရောက်ပြီးမှ အလည်သွားမည်ဟုဆိုကာ တရုတ်နိုင်ငံ မိန်းတိန်မြို့သို့ ခေါ်ဆောင်သွားကြောင်း၊ မိန်းတိန်မှ တစ်ဆင့် အမ်းဟွေးမြို့သို့ ပို့ဆောင်ခဲ့ပြီး တရုတ်အမျိုးသား ချွမ်ချမ်း (Mr. Quig Quan) ထံ တရုတ်ငွေယွမ် ၅၆၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း အမ်းဟွေးမြို့တွင် သုံးလခန့်နေထိုင်ခဲ့ပြီးနောက် တရုတ်အမျိုးသား အလုပ်လုပ်ကိုင်သော ရှန်ဟိုင်းမြို့သို့ လိုက်ပါနေထိုင်ခဲ့ရာ သမီးတစ်ဦး မွေးဖွားခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိပြီး တစ်နှစ်ကျော်ကြာသည်အထိ ဘာသာစကား အခက်အခဲကြောင့် မြန်မာနိုင်ငံရှိ မိဘများထံ အဆက်အသွယ် မပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လရောက်မှ တရုတ်စကား အနည်းငယ်ပြောတတ်လာပြီး မြန်မာနိုင်ငံသို့ ဖုန်းခေါ်ဆိုသည့်နည်းလမ်းအားသိရှိ၍ မိခင်ဖြစ်သူထံ ဆက်သွယ်ပြီး ၎င်းအား တရုတ်အမျိုးသားထံ ရောင်းစားခဲ့သူ မစိုးစိုးအား အမှုဖွင့်တိုင်တန်းပေးရန်နှင့် တရုတ်ပြည်မှ ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် ပြောဆိုခဲ့ကြောင်း၊ အမျိုးသားဖြစ်သူထံ ခွင့်တောင်း၍ မေ ၁၅ ရက်တွင် ပြန်လာခဲ့ရာ ၁၈ ရက် နံနက်တွင် လူကုန်ကူးခံရမှုနှင့် ပတ်သက်၍ မိန်းတိန်ရဲစခန်းသို့သွားရောက်အကူအညီတောင်းခံခဲ့ပြီး မိခင်ဖြစ်သူထံသို့လည်း မိန်းတိန်ရဲစခန်းတွင် ရောက်ရှိနေကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များနှင့် ကူညီဆောင်ရွက်ပေးရန် ပြောဆိုခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် မတ် ၁၈ ရက်က လူကုန်ကူးခံရသူ၏ မိခင်မှတရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေပြည်သာမြို့မရဲစခန်းက (ပ)၁၇၄/၂၀၁၃ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့် မစိုးစိုးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုကိုရှူပ(နေပြည်တော်)**

ဝဲဘက်ရှေ့ဘီးပေါက်၍ ယာဉ်တိမ်းမှောက် လေးဦးသေ၊ ၁၄ ဦး ဒဏ်ရာရ

နေပြည်တော် မေ ၂၁

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် အမှတ်(၁၈၇/၃-၄)ကြားတွင် မေ ၁၈ ရက် နံနက် ၁၀ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၄)ရပ်ကွက်နေ ကျော်ကျော်ထွဏ်းထွဏ်း(၄၀)နှစ် မောင်းနှင်လာသည့် ၂၈/----- နစ်ဆန်းဘင်နတီ ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ လမ်းလယ်ကျွန်းကို ကျော်တက်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အောင်ကျော်ဦး(၂၃)နှစ် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့နေသူနှင့် မသုံးဦး စုစုပေါင်း လေးဦးတို့တွင် ဦးခေါင်းယာထိပ်ပေါက်ပြဲ၊ မျက်နှာညိုမည်း၊ ခြေဖဝါးပေါက်ပြဲ၊ ဝဲဒူး၊ ယာလက်မောင်း ပွန်းပဲ့၊ ဦးခေါင်း အရေပြားလန်၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲ၊ ယာခြေသလုံး ညိုမည်း၊ ဦးခေါင်းဖူးရောင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် လေးဦးစလုံး သေဆုံးသွားခဲ့သည်။ ထို့ပြင် မောင်အေးမင်းထွန်း (၁၃)နှစ်ပါကျားနှစ်ဦး၊ မနှစ်ဦး စုစုပေါင်း လေးဦးတွင် ဝဲမျက်လုံး ညိုမည်း၊ ဝဲနားသွေးထွက်ဒဏ်ရာ၊ ရန်ကင်းမြို့နေ ကေဇင်လင်း(၁၂)နှစ်ပါ ကျားရှစ်ဦး၊ မနှစ်ဦး စုစုပေါင်း ၁၀ ဦးတို့တွင် ယာနားထင်ပေါက်ပြဲ၊ မျက်လုံး၊ ဝဲလက်ဖျံပွန်းပဲ့၊ ခါးနာကျင်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်းနှင့် ယာဉ်မောင်း ကျော်ကျော်ထွဏ်းထွဏ်းအား ပလွေးအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မြေတူးပြီး နားနေစဉ် မြေပြိုကျသဖြင့် တစ်ဦးသေဆုံး

ကံမ မေ ၂၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ သံပုရာကျေးရွာနှင့် ကျီးမီးကျေးရွာ ကားလမ်းအနီးတွင် မေ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြေနီပိ၍ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ သံပုရာ-ကျီးမီး ကျေးရွာချင်းဆက်သွယ်ရေးကားလမ်းအား မြေနီခင်းရန်အတွက် ဦးဆန်နီ၊ ဦးဝင်းမြင့်၊ ဦးကျော်ဦး၊ ဦးဝင်းညွန့် ကံမမြို့နယ်နေသူ လေးဦးတို့သည် မြေနီတူးပြီး ခဏနားနေစဉ် မြေပြိုကျသဖြင့် ဦးဝင်းညွန့်မှာ မြေပိမိသေဆုံးခဲ့ကြောင်း သတင်းအရ ကံမမြို့နယ် ရေနံသာရဲကင်းစခန်းမှ ဒုရဲအုပ် ကျော်ဇေယျာမင်းနှင့် အဖွဲ့သည် သက်သေများနှင့် သွားရောက်စစ်ဆေးခဲ့ရာ ဦးဝင်းညွန့်တွင် ဝဲဘက်နားရွက်ပွန်းပဲ့ဒဏ်ရာတစ်ချက်၊ ယာဘက်နားရွက် သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိရန်အတွက် ကံမမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁/၂၀၁၄) ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၈ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၁ ဒသမ ၁၇ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၇၀ လက်မနှင့် လောင်းလုံမြို့တွင် သုည ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❒ **မြန်မာနှစ်ကူးမှ**

ခေတ္တအနားယူ နံနက်စာစားသုံးပြီး ပင်းတယမြို့ရှိ ပင်းတယလိုဏ်ဂူသို့ ရောက်ရှိ၍ ဖူးမြော်ကြပြီး ကိုလုံဆရာတော်ကြီးစံကျောင်းတော်နှင့် ကျောင်းတော်အတွင်း ဖူးမြော်လေ့လာခွင့်ရခဲ့ကာ တောင်ကြီးသို့ခရီးဆက်၍ စူဠာမုနိလောကချမ်းသာစေတီတော်သို့ ဖူးမြော်၍တည်းခိုမည့်ညောင်ပင်သာ ရပ်ကွက်ရှိ ငြိမ်းချမ်းတည်းခိုခန်းသို့ ရောက်ရှိအနားယူကြကာ ညပိုင်းတွင် မြို့တွင်းလှည့်လည်ကြည့်ရှုလေ့လာခွင့်ရခဲ့ကြောင်း၊ ဧပြီ ၁၉ ရက်တွင် ဟိုပုံးမြို့နယ်ရှိ နာမည်ကြီး ထမ်းဆမ်းလိုဏ်ဂူတော်သို့ နံနက်စောစောရောက်ရှိသွားကြသဖြင့် အေးချမ်းသည့်အရသာမှာ ရန်ကုန်ရောက်ရှိပြီးသည်အထိ မမေ့နိုင်ကြောင်း၊ ထိုမှတစ်ဖန် တောင်ကြီးသို့ပြန်လာပြီး မြစိမ်းတောင်သို့တက်၍ မြို့ရှုခင်းကို တောင်ပေါ်မှ ကြည့်ရသည်မှာ ကောင်းမွန်လှသည်။ ယင်းမှတစ်ဆင့် တောင်အောက်သို့ပြန်လည်ရောက်ရှိခဲ့ပြီး တည်းခိုခန်းပြန်ကာ နံနက်စာ သုံးဆောင်ခဲ့ပြီး အနားယူကြသည်။

မွန်းလွဲ ၂ နာရီခွဲ ပြန်လည်စုစည်း၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မွေတော်ကက္ကူစေတီတော်သို့ ရောက်ရှိကြကာ ဖူးမြော်ကြည်ညိုကြပြီး ဈေးဝယ်ကြသည်မှာလည်း ပျော်စရာကောင်းကြောင်းနှင့် နောက်တစ်ရက် နံနက် စောစောတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့ရောက်ရှိ၍ စက်လှေစီးကာ ရေပြင်ကျယ်ကြီးကို ဖြတ်သန်းသွားလာရ၍ ကလေးများ အထူးပျော်ရွှင်ကြပြီး အမျိုးသမီးအများစုမှာတော့ ဖောင်တော်ဦးဘုရားပရိဝုဏ် အတွင်းရှိ ဈေးဆိုင်များ၌ ဈေးဝယ်ရသည်ကိုပျော်ကြကြောင်း၊ ယင်းမှ ကလောမြို့ရှိ မြင်းမထိဂူ၊ နှီးဘုရားသို့ရောက်ရှိဖူးမြော်ခဲ့ကြပြီး ဧပြီ ၂၀ ရက် နံနက် ၄ နာရီတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခဲ့ပြီး စိန်ဝင်းဘုရားစုံဖူးအဖွဲ့၏ ပို့ဆောင်ပေးမှုကို မှတ်တမ်းတင်ခဲ့ပါကြောင်း။ ။

(ငွေးအောင်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မွေတော်ကက္ကူစေတီတော်၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

လှိုက်လှဲစွာ သာခုခေါ်ပါတယ်. . . အို ရေအလှူရှင်

ဇော်မြင့်နိုင်(ပြန်/ဆက်)

ရေ အသက် တစ်မနက်၊ ထမင်း အသက် ခုနစ်ရက်ဆိုသလို ပါပဲ။ ငွေကျပ်သိန်းပေါင်း ၂၅၀၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့သော မြောင်မြို့တစ်မြို့လုံး ရေရရှိရေးလုပ်ငန်းအောင်မြင်ခြင်း အခမ်းအနားတဲ့. . . အလှူရှင်များကတော့ ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး(Youth Force Group) ကုမ္ပဏီမိသားစုပါ။

ဖိတ်စာလေးကို ကြည့်လိုက်မိတော့ စာရေးသူလည်း စိတ်ဝင်စားတာနဲ့ မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနဲ့ ချိတ်ဆက်ပြီး စစ်ကိုင်းမြို့မှ မိုင် ၅၀ ကျော်ဝေးတဲ့ မြောင်မြို့ကို ပြီးခဲ့သည့်လက အများပြည်သူသုံး မော်တော်ယာဉ်ဖြင့် လိုက်ပါသွားခဲ့ပါတယ်။ မြောင်မြို့ရောက်တယ်ဆိုရင်ပဲ ပြန်/ဆက်ဦးစီးမှူးကို လုပ်ငန်းများနဲ့ ပတ်သက်တဲ့အခြေအနေတွေကို မေးမြန်းကြည့်တော့ တကယ်ကို ပီတိဖြစ်စရာအလှူတစ်ခုပါလား။ ဒါနဲ့ စာရေးသူလည်း ရေပေးရေးအတွက် စတင်တည်ဆောက်ထားတဲ့ မြောင်မြို့နဲ့ သုံးမိုင်ခွဲလောက် ကွာဝေးတဲ့ ဧရာဝတီမြစ် တည်ရှိရာ ရွှေပေါက်ပင်ကျေးရွာအနီးမှာ စတင်တည်ဆောက်ထားတဲ့ အင်ဂျင်စက်တွေ၊ ထရန်စဖော်မာတွေ၊ ရေစု/ရေလှောင်ကန်တွေ၊ သွယ်တန်းထားရှိတဲ့ ရေပိုက်လုံးကြီးတွေကို မှတ်တမ်းဗီဒီယိုများ ရိုက်ကူးပြီး အောင်ပွဲအခမ်းအနားပြုလုပ်မယ့် မြောင်မြို့ အောင်ပလ္လင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ခေတ္တစောင့်ဆိုင်းနေပါတယ်၊ မကြာခင် ညနေ ၄ နာရီမှာပဲ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြောင်မြို့နေပြည်သူများ၊ မြို့နှင့် အနီးဝန်းကျင် ကျေးရွာများမှ ပြည်သူများ၊ အလှူရှင်မိသားစုများ တက်ရောက်အားပေးခဲ့ကြပါတယ်။

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီး၊ အလှူရှင်နဲ့ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကိုလည်း တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အောင်ပွဲအထိမ်းအမှတ်အဖြစ် ရေဘားများကို အလှူရှင်မိသားစုများက ဖွင့်လှစ်ပေးကြပါတယ်၊ ဆက်လက်ပြီး ရေဂါလန် ၅၀၀၀၀ ဆံ့ ပင်မရေလှောင်ကန်ကြီးကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြတာကို တွေ့ရပါတယ်၊ အဲဒီမှာတော့ တက်ရောက်လာကြတဲ့ ပရိသတ်များကို ပြည်ထောင်စုဝန်ကြီးနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပီတိနှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက "ရေ" မှ "ငွေ"ဖြစ်အောင်ဆောင်၊ ရေရရှိရေးနှင့် ရေပေးဝေရေးကော်မတီများအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ရေမီတာခများ ရရှိသော ငွေကြေးများကို စနစ်တကျကောက်ယူပြီး သမဝါယမစနစ် အသေးစားချေးငွေများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ရေရရှိရေးအတွက် အသုံးပြုနေရသည့် စက်ပိုင်းဆိုင်ရာပြုပြင်မှုများကို အလွယ်တကူ ဆောင်ရွက်နိုင်မှာဖြစ်ပြီး ရေရှည်ထိန်းသိမ်းနိုင်မှာဖြစ်ကြောင်း၊ ပိုလျှံလာသည့် ငွေကြေးများဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အသုံးပြုဆောင်ရွက်သွားစေလိုကြောင်း၊ နည်းစနစ်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း မြို့သူ မြို့သားများအနေဖြင့် ရေရှည်တည်တံ့နိုင်ရေးအတွက် စနစ်တကျကိုင်တွယ်အသုံးပြုကြစေလိုကြောင်း၊ အလှူရှင်များက မိမိတို့ဒေသကို ရေရရှိအောင် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးသည့်အတွက် မိမိတို့ဘက်ကလည်း ရိုသေစွာ၊ စနစ်ကျစွာ အသုံးပြုမှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်ပါကြောင်း၊ နှစ်စဉ် လူဦးရေတိုးတက်လာသည်နှင့်အမျှ သောက်သုံးရေရရှိရေးသည် ပထဝီအနေအထားအရ ခက်ခဲမှုများရှိလာနိုင်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း လူသားများသုံးစွဲပြီး စွန့်ပစ်ရေကို တခြားစိုက်ပျိုးရေးများနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အသုံးပြုပေးနိုင်ရန် နည်းပညာများ ရှာဖွေနေပါကြောင်း၊ ရရှိလာပါကလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြောင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၆ ရွာကိုလည်း နိုင်ငံတော်နှင့် ပြည်သူ ပူးပေါင်းပြီး သောက်သုံးရေများ ရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ရွှေကိုမလို ရေကိုသာလိုသည်ဆိုသည့် ကျေးရွာများကို သောက်သုံးရေများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဝမ်းသာအားရ ဖြစ်မိပါကြောင်း၊ ယခုလို မြောင်မြို့တစ်မြို့လုံး သောက်သုံးရေများ အလွယ်တကူရရှိအောင် လှူဒါန်းပေးသည့်အတွက်လည်း မြို့သူမြို့သားများကိုယ်စား အလွန်အင်မတန်မှ ဝမ်းသာပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့ပါတယ်။ အလှူရှင် ဒေါ်မြမြဖြိုးကလည်း ဤမြို့လေးကို မိမိတို့ မရောက်ဖူးပါကြောင်း၊ ဆွေမျိုးသားချင်းလည်း မရှိပါကြောင်း၊ သို့သော် အဆက်အသွယ်တစ်ခုနှင့် သောက်သုံးရေအခက်အခဲရှိသည်ဟု ကြားသိရသည့်အတွက် မိသားစုနှင့် တိုင်ပင်ဆွေးနွေးပြီး ဤမြို့လေးကို လာရောက်လေ့လာသုံးသပ်ခဲ့ပါကြောင်း၊ အမှန်တကယ်ဖြစ်နေသည့်အတွက် ယခုလို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက်လည်း ပစ္စည်းကောင်းများ ရှာဖွေအသုံးပြုခဲ့ပါကြောင်း၊ မိမိတို့ မိသားစု၏ ဆန္ဒပြည့်ဝသွားသည့်အတွက် ဝမ်းသာမှုဖြစ်ရပါကြောင်း၊ ဤမြို့နယ်အတွက် နောင် အမှန်တကယ် လိုအပ်လာမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ရေပေးဝေရေးကော်မတီများအနေဖြင့် ရေရှည်တည်တံ့အောင် စဉ်ဆက်မပြတ်ကြည့်ရှုစစ်ဆေးပြီး စနစ်တကျဆောင်ရွက်ပေးစေလိုကြောင်းနှင့် ညီညွတ်မှုရှိစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ရေပေးဝေရေးလုပ်ငန်းတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက "ဒီမြောင်မြို့မှာ အိမ်ခြေပေါင်း ၁၇၀၀ ကျော်ရှိပြီး လူဦးရေ ၈၀၀၀ ကျော်ရှိရာ ယခင်က သုံးမိုင်လောက်ဝေးတဲ့ နေရာတွေမှာ ရေသွားခပ်ရတဲ့ ဒုက္ခတွေက ကင်းဝေးသွားအောင် သောက်သုံးရေရရှိအောင် လှူဒါန်းပေးတဲ့ အလှူရှင်ကို ကျေးဇူးအထူးတင်ရှိပါတယ်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားခဲ့တာတွေကို စာရေးသူ ကြားသိခဲ့ရပါတယ်။ စာရေးသူလည်းပဲ ရေရရှိရေးအောင်မြင်ခြင်း အထိမ်းအမှတ်အခမ်းအနားမှာ မြင်ခဲ့ရတာတွေ ကြားသိခဲ့ရတာတွေနဲ့အတူ မြောင်မြို့သူ မြို့သားတွေနဲ့ထပ်တူ ပီတိအဟုန်များခံစားမိကာ ရေအလှူရှင်မိသားစုတွေကို သာခုအကြိမ်ကြိမ် ခေါ်ဆိုမိရင်း ခံစားရေးသားတင်ပြလိုက်ရပါတယ်။ ။

❒ **ကျောဖုံးမှ**

ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ပင်လယ်ရေလုပ်ငန်းဈေးကွက်တစ်ခုဖြစ်သည်။ ယခုနှစ် ပင်လယ်ရေလုပ်ငန်းရာသီတွင် ပြည်တွင်းလိုင်းရော ပြည်ပလိုင်းပါ ကုန်တက်ရှိခဲ့သည်။ ပြည်ပလိုင်းဝင် ရေခဲငါးများတွင် အဓိကဇာတ်လိုက်ဖြစ်သည့် ငါးမုတ်ငါးများမှာ ဈေးအကောင်းဆုံးအခြေအနေတွင်ရှိနေပြီး အရွယ်အစားအလိုက် တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၂၀၀၀၀ ကျော်အထိ ပေါက်ဈေးရရှိသည်။

ပြည်ပလိုင်းဝင် ရေခဲငါးများတွင် ငါးတန်၊ ငါးသလောက်၊ ကကတစ်၊ ကသပေါင်း၊ ကက္ကူရံ၊ ကသမျှင်၊ ငါးခုံး၊ ငါးရှည်ငါးများလည်း ပါဝင်သော်လည်း ကက္ကူရံငါးနှင့် ငါးခုံး၊ ငါးရှည်ငါးများမှာ ဖမ်းဆီးရမိမှုမရှိသလောက်ရှားပါးနေသဖြင့် ကမ်းခြေဈေးကွက်များသို့ ကုန်အဝင်မရှိပေ။ ပင်ရင်းဈေးကွက် ပင်လယ်ငါးအဝယ်ဒိုင်များမှ ရေခဲငါးများဝယ်ယူရာတွင် ငါးတစ်ကောင်၏ အလေးချိန်ပေါ်မူတည်ကာ ဈေးနှုန်းခွဲခြားသတ်မှတ်ဝယ်ယူကြသည်။

ငါးသလောက်ငါးများကို ဝယ်ယူရာတွင် အလေးချိန်အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀၊ ငါးတန်ငါး သုံးပိဿာအထက်တစ်ပိဿာကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀၊ သုံးပိဿာအောက်တစ်ပိဿာကျပ် ၂၀၀၀ မှ ကျပ် ၂၈၀၀၊ ကသဘောင်းငါး အမျိုးအစားအပေါ်မူတည်ကာ တစ်ပိဿာကျပ် ၅၀၀၀ မှ ကျပ် ၇၀၀၀၊ ကသမျှင်ငါးတစ်ပိဿာကျပ် ၂၅၀၀၊ ကကတစ်ငါးတစ်ပိဿာကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ဈေးနှုန်းနှင့် ဝယ်ယူခဲ့ကြသည်။ ပြည်တွင်းလိုင်းဝင် ပင်လယ်ငါးခူ၊ ငါးကြောင်တပ်၊ ကဘီလူးငါးများကို ဝယ်ယူရာတွင် အလေးချိန်တစ်ပိဿာအထက် ကဘီလူးငါး တစ်ပိဿာကျပ် ၂၅၀၀ တစ်ပိဿာအောက် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀၊ ငါးကြောင်တပ်ငါးများကို အရွယ်အစားမခွဲခြားဘဲ တစ်ပိဿာကျပ် ၃၅၀၀၊ ပင်လယ်ငါးခူ တစ်ပိဿာကျပ် ၁၇၀၀ ဈေးနှုန်းနှင့် ဝယ်ယူခဲ့ကြသည်။

အဆိုပါ ရေခဲငါးများကို နတ်တော်၊ ပြာသိုလများမှစပြီး ဖမ်းဆီးရလေ့ရှိသည်။ ယခုနှစ် လုပ်ငန်းရာသီ၊ ကမ်းခြေရေခဲငါးဈေးကွက်သို့ ငါးမုတ်ငါးနှင့် ပင်လယ်ငါးခူ၊ ကကတစ်၊ ငါးတန်ငါးများ အများဆုံးဝင်ရောက်ခဲ့ပြီး ငါးလောက်မှာ အသင့်အတင့် ဝင်ရောက်ခဲ့သည်။ ငါးကြောင်တပ်၊ ကဘီလူး၊ ကကတစ်ငါးများလည်း အတော်အသင့် ရောက်ရှိလာခဲ့သည်။ ကသမျှင်၊ ကက္ကူရံငါးနှင့် ငါးခုံး၊ ငါးရှည်ငါးများမှာဝင်ရောက်မှုမရှိသလောက်နည်းပါးနေခဲ့သည်။ ၂၀၁၃-၂၀၁၄ ပင်လယ်ရေလုပ်ငန်းရာသီမှာမကြာမီကုန်ဆုံးတော့မည်ဖြစ်သည်။ ကမ်းခြေဒေသဈေးကွက်များမှာ ယခင်နှစ်လုပ်ငန်းရာသီတွင် ပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သလို ယခုနှစ်လုပ်ငန်းရာသီမှာလည်း ပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြောင်း အရှေ့ဖျားကျေးရွာ ရေခဲငါးလုပ်ငန်းပိုင်ရှင်များထံမှ သိရသည်။

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကိုတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

○ **မွန်တီမှ**

ဝေါရင်ကာက မွန်တီ-ကာလို ရိုးလက်စ်မာစတာတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဝေါရင်ကာ၏ ယခုရရှိခဲ့သည့် မွန်တီ-ကာလို ရိုးလက်စ်မာစတာတင်းနစ်ဖလားသည် ၎င်း၏ပထမဆုံးသော မာစတာ ၁၀၀၀ တင်းနစ်ဖလားဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းကလည်း သြစတြေးလျ အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးထားနိုင်သူဖြစ်သည်။

❋ **ကွန်ပျူတာမှ**

ဆယ်ကျော်သက်များအား မည်သည့်အချိန်တွင် စက်ဘီးစီးသည်ကို မေးမြန်းခဲ့ရာ ငါးဦးတွင် တစ်ဦးသည်(၂၀ ရာခိုင်နှုန်း) မိဘများက စက်ဘီးစီးခြင်းများ မပြုလုပ်ခိုင်းကြောင်း ဝန်ခံပြောကြားခဲ့ကြသည်။

ကလေးမိဘ ထက်ဝက်နီးပါးခန့်သည် ကလေးများ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန် အချိန်လုံလုံလောက်လောက်မပေးကြကြောင်း သိရသည်။ သို့ဖြစ်လင့်ကစား အသက်(၅)နှစ်နှင့် (၁၈)နှစ်အရွယ်အကြားရှိ ကလေးများနှင့် လူငယ်များကို နေ့တိုင်း တစ်ရက်လျှင် အနည်းဆုံး တစ်နာရီ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပေးရန်လိုအပ်သည်ဟု အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာနမှ လမ်းညွှန်ထားကြောင်း သိရသည်။

(ဒေးလီးမေးလ်)

သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ဆောင်ရွက်ပြီးစီးသော ရေတွင်း၊ ရေကန်များ ဒေသခံတောင်သူများ ဆက်လက်ထိန်းသိမ်းရေးတာဝန်ပေး

မန္တလေး ဧပြီ ၂၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြစ်သားမြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းပေါင်း ၁၄၂၉ တွင်းအား ဒေသခံတောင်သူများသို့ လွှဲပြောင်းပေးပါကြောင်း၊ အဆိုပါ စက်ရေတွင်းများကို စနစ်တကျ အသုံးပြုလျက် စိုက်ပျိုးရေလိုအပ်ချိန်တွင် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ တောင်သူများအတွက် တိုက်ရိုက်အကျိုးပြုခဲ့ခြင်းကြောင့် ရေရှည်အသုံးပြုနိုင်ရန် တောင်သူများကိုယ်တိုင် ထိန်းသိမ်းရမည်ဖြစ်ကြောင်းဖြင့် ဧပြီ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မြစ်သားမြို့နယ် လမ်းခွကျေးရွာ၌ပြုလုပ်သော စက်ရေတွင်း လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်သားမြို့နယ် ရစ်ကန်ကျေးရွာအနီးရှိ သီးပင်ကန်တွင် ကျင်းပသော ဆည်/ကန်ငါးကန်လွှဲပြောင်းတာဝန်ပေးအပ်ပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့အနီး စမားရေလွှဲဆည်သဲထုတ်ရေတံခါးသို့ရောက်ရှိကာ စမားရေလွှဲဆည်**(အပေါ်ပုံ)** ရေပေးဝေနိုင်မှုများကို စစ်ဆေးခဲ့ကြောင်းသိရသည်။

တင်မောင်(မန္တလေး)

ရန်ကုန်မြို့ အထက(၂)ဒဂုံ၌ British Council မှ အင်္ဂလိပ်စာအရည်အသွေးမြှင့်မားရေး သင်တန်းများပို့ချ

သင်တန်းသူ အထက(၂)ဒဂုံမှ ဆရာမ ဒေါ်အေးအေးကြူ

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ဆက်လက်တိုးတက်ရေးအတွက် အမျိုးသားပညာရည်မြှင့်မားရေး အရေးပါသည်ကို အလေးအနက်ခံယူကာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် လွတ်လပ်သောနိုင်ငံတကာ အတွေ့အကြုံရှိသည့် ပညာရှင်များအားဖိတ်ခေါ်၍ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအား သင်တန်းဖွင့်လှစ်ကာ သင်ကြားပို့ချပေးလျက်ရှိရာ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းမှ ကြီးမှူး၍ British Council မှ လာရောက်ပို့ချသည့် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အထက(၂) ဒဂုံရှိ ဦးဘလွင်ခန်းမ၌ ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

"အင်္ဂလိပ်စာ အရည်အသွေး တိုးတက်စေဖို့အတွက် အသင်းဝင်တွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံးက ဒီလိုအခွင့်အရေးကို စောင့်နေတာကြာပါပြီ၊ အခုတော့ အခွင့်အလမ်းပေါ်လာတယ်လို့ဆိုနိုင်ပါတယ်၊ အင်္ဂလိပ်စာအားနည်းတဲ့ ဆရာ ဆရာမတွေ၊ အဓိကကတော့ ဆယ်တန်းတက်မယ့် ကျောင်းသား ကျောင်းသူတွေကို သင်ပေးဖို့ British Council ကို အကူအညီတောင်းရတာပါ၊ ဆရာ ဆရာမတွေ၊ ကလေးတွေအတွက် လေ့ယူလေ့သိမ်းအသံထွက်တို့ကို စနစ်တကျသင်ကြားပေးမယ်လို့ သိရပါတယ်"ဟု မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးညွန့်မြင့်က ပြောကြားသည်။

အင်္ဂလိပ်စာ သင်တန်းတွင် အထက(၂)ဒဂုံမှ ကျောင်းသားကျောင်းသူများအတွက် General English for 10[th] Standard Text Book နှင့် အထက(၂)ဒဂုံ၊ အထက(၃) ဒဂုံတို့မှ ဆရာ ဆရာမများအတွက် English Proficincy Course တို့ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ အထက(၂) ဒဂုံမှ သင်တန်းသူ ဆရာမ ဒေါ်အေးအေးကြူက "ဒီလို British Council ကနေ လာရောက်သင်ကြားပေးတဲ့ အခွင့်အရေးရခဲ့ပါတယ်။ ကျွန်မတို့ကိုယ်တိုင် အင်္ဂလိပ်စာကို စနစ်တကျ သင်ယူပြီး ကျောင်းသား ကျောင်းသူတွေကို လက်ဆင့်ကမ်းသင်ကြားပေးခွင့်ရမှာဖြစ်လို့ ဝမ်းသာမိတယ်"ဟုဆိုသည်။

အရည်အသွေးမြှင့် အင်္ဂလိပ်စာသင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသူ အထက(၂) ဒဂုံမှ ကျောင်းသူ မရွှေရတီနိုနို

မြို့မ ကျောင်းသား ကျောင်းသူဟောင်း အသင်းဥက္ကဋ္ဌ ဦးညွန့်မြင့်

"ဒီနှစ် သမီးက ကိုးတန်းအောင်ပြီး ဆယ်တန်းတက်မှာပါ။ British Council မှာ အင်္ဂလိပ်စာသွားသင်ဖို့ အချိန်မရပါဘူး။ မိဘတွေကလည်း မပို့နိုင်တော့သင်ယူဖို့ဆိုတာ မလွယ်ပါဘူး။ အခု ကျောင်းမှာ လာသင်တော့ အရမ်းဝမ်းသာပါတယ်။ အင်္ဂလိပ်စာအရည်အသွေးလည်း မြင့်တက်လာတာပေါ့။ အခုလို သင်ယူခွင့်ရအောင် စီမံပေးတဲ့ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းကိုလည်း ကျေးဇူးတင်ပါတယ်" ဟု အထက(၂) ဒဂုံမှ ကျောင်းသူ မရွှေရတီနိုနိုက ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမ ၂၅ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

အောင်ကျော်ဦး(ကြေးမုံ)

ကြေးမုံသတင်းစာထူထောင်ခဲ့သူ စာရေးဆရာ သတင်းစာဆရာကြီး ဦးဝင်းတင် ကွယ်လွန်

ရန်ကုန် ဧပြီ ၂၁

စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးဝင်းတင်သည် ယနေ့နံနက် ၆ နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီဖြစ်သည်။



စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးဝင်းတင်ကို အဘဦးပု၊ အမိ ဒေါ်အမာတို့က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ၁၉၃၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့တွင် မွေးဖွားခဲ့ပြီး သားသမီး သုံးဦးရှိသည့်အနက် အကြီးဆုံးသားဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ၊ ခေတ်သစ်ရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားစဉ် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများတွင် ဝင်းတင်အမည်ဖြင့် ကဗျာနှင့် ဝတ္ထုတိုများ စတင်ရေးသားရင်း ကလောင်သွေးခဲ့သည်။

ဦးဝင်းတင်သည် ၁၉၄၇ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းတွင် ကဗျာစရေးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အကျိုးဆောင်ဂျာနယ်တွင် လက်ထောက်အယ်ဒီတာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် (AFP) အေအက်ဖ်ပီ နိုင်ငံခြားသတင်းဌာနတွင် ညအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ ခုနှစ်အထိ စာပေဗိမာန်တွင် လက်ထောက်အယ်ဒီတာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ဂျမ်ဘာတန်စာအုပ်ထုတ်ဝေရေးကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာ ဆည်းပူးရင်း တစ်ဖက်မှလည်း မြန်မာဘာသာပြန်စာအုပ်စာတမ်းများထုတ်ဝေရေးတွင် အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ပညာသင်ကြားရင်း တစ်ဖက်တွင် မြန်မာနိုင်ငံသတင်းများကို စုစည်းဖော်ပြသည့် 'ဒို့ပြည်သတင်း' သတင်းစာကို စောင်ရေ ၅၀၀ ခန့်နှင့် ကိုယ်ပိုင်ငွေဖြင့် ကိုယ်တိုင်ရေးသားထုတ်ဝေပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်ပရောက် မြန်မာလူမျိုးများထံသို့ စာတိုက်မှ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ၁၉၅၇ ခုနှစ် ဧပြီလအထိ လုပ်ကိုင်ခဲ့သည်။ ဥရောပတွင်ရှိနေစဉ် ပန်းချီပြတိုက်များကိုလေ့လာပြီး ပန်းချီဝေဖန်ရေးစာများကို ရေးသားခဲ့သေးသည်။

၁၉၅၇ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် စတင်ထွက်ရှိခဲ့သော ကြေးမုံသတင်းစာ စတင်ထူထောင်သူများတွင် ပါဝင်ခဲ့ပြီး ကြေးမုံသတင်းစာတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆရာဇဝန၊ အောင်ဗလ(ကြေးမုံဦးသောင်း)၊ စိန်ခင်မောင်ရီတို့နှင့်အတူ သတင်းစာအလုပ်ကို လုပ်ကိုင်ခဲ့ကြသည်။ ကြေးမုံသတင်းစာ ပြည်သူပိုင်ပြုလုပ်ချိန်တွင် ပြည်သူ့အိုးဝေတွင် သွားရောက်လုပ်ကိုင်သော်လည်း ကြေးမုံသတင်းစာတွင် ပြန်လည်လုပ်ကိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ စာနယ်ဇင်းကောင်စီတွင် အတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ဆရာဦးဝင်းတင်သည် မန္တလေးမြို့၌ ထုတ်ဝေသည့် ဟံသာဝတီသတင်းစာတွင် စတင်ဖွင့်လှစ်သည့် ၁၉၆၉ ခုနှစ်မှ သတင်းစာတိုက်ပိတ်သိမ်းခဲ့သည့် ၁၉၇၈ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကာလအတွင်း အနောက်ဥရောပနှင့် အရှေ့အာရှနိုင်ငံပေါင်း ၂၀ ခန့်သို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ရောက်ရာအရပ်မှ သတင်းများရေးသားပြီး မြန်မာပြည်သို့ ပို့ပေးခဲ့သည်။

ဦးဝင်းတင်သည် သတင်းစာဆရာအဖြစ်သာမက စာပေရေးသားခြင်းအလုပ်များကိုလည်း တစိုက်မတ်မတ် လုပ်ကိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် 'ခြေတွင်စကား လက်ဖြားကဗျာ မျက်နှာဇာတ်လမ်း' စာအုပ်ကိုထုတ်ဝေခဲ့သည်။ သတင်းစာသမိုင်းပြုစုရန်အတွက် သတင်းစာဆရာ၊ စာရေးဆရာကြီးများဖြစ်ကြသော ဦးထင်ကြီး၊ လူထုဦးလှနှင့် ဆရာကြီး ရွှေဥဒေါင်း တို့နှင့်အတူ ကြိုးပမ်းခဲ့သည်။ ဦးဝင်းတင်သည် စာပေ၊ ပန်းချီ၊ သဘင်၊ ဂီတစသည်တို့နှင့် ပတ်သက်သည့် ဆောင်းပါး၊ စာတမ်းနှင့် ဝေဖန်အကဲဖြတ်ချက်များကို 'ပေါ်သစ်' ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး ကွိ၊ ဥတ္တရအလင်း ဘာသာပြန်စာအုပ်များ၊ ကမ္ဘာနီတွင် တစ်ဒင်္ဂ ခရီးသွားမှတ်တမ်းစာအုပ်၊ အလှုရှာပုံတော် ပန်းချီအကြောင်းစာအုပ်တို့ကို ရေးသားခဲ့သည်။

ဆရာဦးဝင်းတင်၏ ကလောင်အမည်ခွဲများမှာ မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းထင်၊ ပုညု၊ ဝင်းဆွေ၊ သုတေသီ၊ အယ်ဒီတာတစ်ဦးတို့ဖြစ်သည်။ ဆရာဦးဝင်းတင်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်ဖွဲ့စည်းချိန်တွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းကို ထူထောင်ခဲ့ပြီး နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။ ဆရာဦးဝင်းတင်သည် ကွယ်လွန်ချိန်တွင် အသက်(၈၅)နှစ်ရှိပြီဖြစ်သည်။

တောလည်ရန် တူမီးသေနတ်ကိုင်တွယ်စဉ် မောင်းခလုတ်ဆွဲမိ၍ မိခင်ဖြစ်သူ ထိမှန်သေဆုံး

နေပြည်တော် ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ယောလက်ပံကျေးရွာတွင် ဧပြီ ၁၈ ရက် ည ၈ နာရီ ၂၅ မိနစ်က အမျိုးသမီးတစ်ဦး တူမီးသေနတ်မှန်၍ သေဆုံးကြောင်း သတင်းအရ ဆောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ယင်းကျေးရွာနေ ဒေါ်သန်းမေ(၄၂)နှစ်သည် နေအိမ်အနောက်ဘက် ဝင်ပေါက်အနီး၌ ယာရင်အုံ စုတ်ပြတ်ပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိကာ သေဆုံးနေသည်ကို တွေ့ရသည်။ စစ်ဆေးချက်အရ စိန်ဝမ်းတူး(၁၈)နှစ်သည် တောလည်ရန် တူမီးသေနတ်အား နေအိမ်အတွင်း ကိုင်တွယ်စဉ် မောင်းခလုတ်ဆွဲမိရာက ယမ်းပေါက်ထွက်ပြီး နေအိမ်ဝင်ပေါက်တွင်ရပ်နေသော မိခင် ဒေါ်သန်းမေအား ထိမှန်ခဲ့ကြောင်းသိရပြီး စိန်ဝမ်းတူးအား ဆောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဟိုင်းလတ်၊ ဒိုင်နာယာဉ်ပိုင်ရှင်များ မီနီဘတ်စ်ယာဉ်ပိုင်ရှင်များဖြစ်လာမည်ဆိုလျှင် ခရီးသွားပြည်သူများ လုံခြုံစိတ်ချမှုရှိနိုင်စေမည်

ရန်ကုန်　မေ ၂၁

ဟိုင်းလတ်ယာဉ်များမှာ ပစ်ကပ်ကုန်တင်ယာဉ် အမျိုးအစားဖြစ်ပြီး လက်ရှိ နိုင်ငံအတော်များများတွင် ဟိုင်းလတ်ယာဉ်ကို လူစီးယာဉ်အဖြစ် အသုံးမပြုတော့ကြောင်း လေ့လာသိရှိရသည်။

လက်ရှိမိမိတို့နိုင်ငံ၌ ပွင့်လင်းမြင်သာသောစနစ်ကို လျှောက်လှမ်းအကောင်အထည် ဖော်နေချိန်တွင် နိုင်ငံတော်အစိုးရမှ Free Permit နှင့် ကားပါမစ်ပေးသကဲ့သို့ ယာဉ်ပိုင်ရှင်များအတွက် ဘတ်စ်များလည်း တင်သွင်းခွင့်ပေးလာသည်ကို တွေ့ရသည်။

အဆိုပါ ဟိုင်းလတ်ယာဉ်များနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) မှ ရဲအုပ်မိုးသီဟကျော်နှင့် တွေ့ဆုံမေးမြန်းကြည့်ရာ ၎င်းက "ဟိုင်းလတ်ယာဉ်ဆိုတာ တကယ်တမ်းကျတော့ ၁၉၈၀ ခုနှစ်က မြန်မာနိုင်ငံမှာရှိတဲ့ သဘော်သားတွေကို တင်သွင်းခွင့်ပေးခဲ့တာပါ။ လွတ်လပ်ရေးရပြီးကာလဖြစ်တဲ့ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ကုန်းလမ်းပို့ဆောင်ရေးဆိုပြီး အစိုးရကတာဝန်ယူပြေးဆွဲခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အခက်အခဲဖြစ်လာတဲ့အပေါ်မှာ ပုဂ္ဂလိကကားတွေအတွက် အစားထိုးပေးခဲ့ရတယ်လေ။ မထသကလည်း တာဝန်ယူခဲ့ပါတယ်။ နောက်ပိုင်း ဟိုင်းလတ်ယာဉ်တွေပေါ်လာပါတယ်၊ တကယ်တမ်းတော့ ဒီဟိုင်းလတ်ယာဉ်တွေဟာ ကုန်တင်ဖို့အတွက်ပါ၊ ဟိုတုန်းက တာဝန်ယူဆောင်ရွက်နေတဲ့ ရဲမှူးကြီးကတောင် ဒီကားလေးတွေကို အဆင်မပြေဘူးလို့ မှတ်ချက်ပေးခဲ့ပါသေးတယ်၊ ဒီခေတ်မှာလည်း အန္တရာယ်ရှိပါတယ်၊ ဟိုင်းလတ်ကို အနောက်ကတွယ်တက်တဲ့သူနဲ့ အမိုးပေါ် ထိုင်လိုက်ကြတဲ့သူတွေကို မှော်ဘီ-တိုက်ကြီး၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်တွေမှာ တွေ့နေရပါတယ်။ နောက်ပြီးတော့ ဒီဟိုင်းလတ်ယာဉ်တွေရဲ့အင်ဂျင်စွမ်းအားကလည်း ကျသွားပါပြီ။ လက်ရှိအတွက်လည်း မဖြစ်နိုင်တော့ပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ဟိုင်းလတ်ယာဉ်တွေအတွက် တစ်လ နှစ်လ သုံးလ စသဖြင့် စမ်းသပ်စေပြီး ဟိုင်းလတ်အစား မီနီဘတ်စ် အစားထိုးတင်သွင်းကြဖို့အတွက် ပြုလုပ်ပေးခဲ့ပါတယ်။ အချို့ယာဉ်ပိုင်ရှင်တွေကလည်း အခက်အခဲကြောင့် သတ်မှတ်တဲ့အထိ စောင့်နေကြတာပါ"ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်သူအများ သွားလာမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ယာဉ်ပိုင်ရှင်များအတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစားထိုး ယာဉ်များ တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံတော်အစိုးရမှ ယာဉ်ပိုင်ရှင်များအတွက် စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် ယာဉ်ပိုင်ရှင်များအတွက် စလစ်များ အပ်ခွင့်ရရှိလာကြခြင်း၊ စလစ်များကို ငွေကျပ်သိန်းတစ်ရာဝန်းကျင်ဖြင့် ရောင်းခွင့်များရလာကြခြင်း၊ အဆိုပါရရှိငွေနှင့်လည်း Free Permit ဖြင့် တင်သွင်းလာသော ယာဉ်များအား ဝယ်ယူနိုင်ကြခြင်း၊ ယာဉ်အရောင်းကုမ္ပဏီများနှင့် ချိတ်ဆက်ကာကြိုတင်ငွေ ၃၀ ရာခိုင်နှုန်းသွင်းပြီး အကြွေးစနစ်များဖြင့် အရစ်ကျ ပေးချေဝယ်ယူလာနိုင်ကြခြင်းများဖြင့် များစွာအကျိုးဖြစ်ထွန်းစေသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ယာဉ်ပိုင်ရှင်များ မူလအသုံးပြုနေသော CNG ကိုလည်း ပိုင်ရှင်အမည်တူလျှင် နောက်ထပ်ဝယ်ယူမည့်ယာဉ်များတွင် တပ်ဆင်သုံးစွဲခွင့်ကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုပေးထားသည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်ကလည်း "လမ်းအသုံးပြုနေကြတဲ့ အများပြည်သူတွေ သွားလာမှုအဆင်ပြေစေဖို့အတွက် နိုင်ငံတော်က ယာဉ်တင်သွင်းခွင့်မူဝါဒ ပြောင်းလဲစီစဉ်ပေးနေတဲ့ ကာလသက်တမ်းမှာ ခရီးသည် ပို့ဆောင်ရေးကို လုပ်ကိုင်လိုကြသော ယာဉ်ပိုင်ရှင်များအနေဖြင့် ယခုအချိန်မှာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက်ရော ပြည်သူတွေအတွက်ပါ အထောက်အကူဖြစ်စေမှာပါ။ ဟိုတုန်းကထရပ်ကားအပ်ရင် ထရပ်ကားပဲ တင်သွင်းခွင့်ရပါတယ်။ နောက်ပိုင်းမှာ ပွင့်လင်းမြင်သာစနစ်ကို လျှောက်လှမ်းနေတဲ့အတွက် တာဝန်ရှိသူတွေက ယာဉ်ပိုင်ရှင်များ အဆင်ပြေစေဖို့အတွက် ဒိုင်နာလို ထရပ်ကားတွေပါ အပ်မယ်ဆိုရင် မီနီဘတ်စ်တင်သွင်းခွင့်ရအောင် ခွင့်ပြုလိုက်တာပါ"ဟု ရှင်းပြခဲ့သည်။

လက်ရှိခရီးသည်သယ်ယူပို့ဆောင်နေသော မြို့တွင်းပြေးဆွဲလျက်ရှိသည့် ဟိုင်းလတ်ယာဉ်လိုင်းပေါင်း ၄၆ လိုင်းကို ယာဉ်အစီးရေ ၁၈၀၄ စီးဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မထသ(ဗဟို) မှ စာရင်းအရ သိရသည်။ ဟိုင်းလတ်၊ ဒိုင်နာယာဉ်များ အသုံးပြုစီးနင်းကြသော ပြည်သူများကလည်း ယာဉ်ကြောပိတ်ဆို့မှုဒဏ်မှ လွတ်ကာ ရှောင်ကာ ကွေ့ဝိုက်သွားလာနိုင်သည့် အဆင့်မြင့်မီနီဘတ်စ်များ စီးချင်နေကြကြောင်း သိရသည်။

ထို့ကြောင့် ဟိုင်းလတ်၊ ဒိုင်နာယာဉ်ပိုင်ရှင်များအနေဖြင့် ရရှိသည့်အချိန်ကာလ ကြုံကြိုက်ခိုက် အမြန်ဆုံးအသုံးချ ဆောင်ရွက်သွားကြမည်ဆိုလျှင် လက်ရှိဟိုင်းလတ်ယာဉ်ပိုင်ရှင်နှင့် ဒိုင်နာယာဉ်ပိုင်ရှင်မှ မီနီဘတ်စ်ယာဉ်ပိုင်ရှင်များ ဖြစ်လာကြမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ ပန်သင့်လှပလာမည်ဖြစ်ကာ ခရီးသွားပြည်သူများအတွက်လည်း လုံခြုံစိတ်ချနိုင်စေမည်ဖြစ်ကြောင်း၊ ဟိုင်းလတ်ယာဉ်ပိုင်ရှင်နှင့် ဒိုင်နာယာဉ်ပိုင်ရှင်များနှင့်တကွ ခရီးသည်များအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အကျိုးကိစ္စရပ်များကို တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(ဝ၄ဝ)**

မတန်တဆကုန်ပစ္စည်းများနှင့် ခရီးသည်များတင်ဆောင်ထားသော စည်းကမ်းမဲ့ ဟိုင်းလတ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (စိုးဝင်း-MLA)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ဘုရားအလှူခံပုံး ဖောက်တဲ့လူ ရဲက ဖမ်းလိုက်ပြီ

ပဲခူး　မေ ၂၁

ပဲခူး ရွှေမော်ဓောဘုရားရင်ပြင်တော်တွင် ဒုရဲအုပ်ဇော်မိုးလွင်၊ တပ်ကြပ်ကြီး ထွန်းလင်းစိုး၊ ဒုတပ်ကြပ် ရန်နိုင်အောင်၊ ရွှေမော်ဓောဘုရားလုံခြုံရေးဌာန ဌာနမှူး ဦးလှိုင်မြင့်၊ လုံခြုံရေး ဦးသက်လွင်တို့နှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် မေ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က ရင်ပြင်တော်အနောက်ဘက်မုခ် ဦးဖိုးကြား တန်ဆောင်းအတွင်းရှိ နီးဘုရား အလှူခံပုံးမှန်ကိုခွဲ၍ အလှူခံပုံးအတွင်းမှ အလှူခံငွေများအား ကရင်(ခ)ရဲဝင်းအောင် (၃၈) နှစ် မြို့ရှောင်လမ်း အမှတ်(၁၇) ရပ်ကွက် ဥသာမြို့သစ် ပဲခူးမြို့နေသူမှာ ခိုးယူနေစဉ်တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသည့် FALIMAN တံဆိပ်ပါ စပို့ရှပ်အင်္ကျီအတွင်းမှ ထိုင်းဘတ်ငွေ ၅၀ ကျပ်တန်တစ်ရွက်၊ ထိုင်းဘတ်ငွေ ၂၀ ကျပ်တန် တစ်ရွက်၊ တစ်ထောင် ကျပ်တန် အသေး ၂၆ ရွက်၊ ငါးရာ ကျပ်တန် ၂၄ ရွက်၊ နှစ်ရာကျပ်တန် ၆၈ ရွက်၊ တစ်ရာကျပ်တန် ၆၆ ရွက်၊ ငါးဆယ်ကျပ်တန် ၄၉ ရွက်၊ နှစ်ဆယ်ကျပ်တန်ငါးရွက်၊ တစ်ဆယ်ကျပ်တန် တစ်ရွက်၊ ငါးကျပ်တန် နှစ်ရွက်တို့ကို တွေ့ရှိခဲ့သဖြင့် ၎င်းအား ပဲခူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် ကရင်(ခ)ရဲဝင်းအောင်သည် ယခင်ကလည်း အလားတူခိုးမှုများ ကျူးလွန်ခဲ့ပြီး ပြစ်ဒဏ်ခံရဖူးသူဖြစ်ကြောင်း သိရသည်။

(ပဲခူးသား)

■

Invitation to Open Tender

1. Opened Tenders are invited by Myanmar Radio and Television,Ministry of Information,for the following machinery to be purchased in foreign currency (USD);

(a)	50 KW SW Radio Transmitter	1 Set
(b)	DVB-T2 Set-top Box	100,000 Nos
(c)	Pocket Radio(2 Band , FM & MW)	50,000 Nos
(d)	Pocket Radio(9 Band , FM , MW &SW)	50,000 Nos

2. Opened Tender Forms are available from 9-4-2014 till 8-5-2014 daily between(9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone).
3. Opened Tenders are to be submitted in the presence of the tender members on the 9-5-2014 between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone).Those tenders exceeding the closing date will not be taken into consideration.
4. Rules regarding the opened tender forms; List of machinery and datails are available at the following address.

Machinery Purchasing Committee
Myanma Radio and Television ,Nay Pyi Taw
Ministry of Information
Ph;067-79483,067-79135,067-79411

အတွေး၊ အရေး

ခင်မောင်ဌေး(ပညာရေး)

အမြန်ယာဉ်၊ အမြန်လမ်းနှင့် အမြန်မောင်းကြသူများ

ဒီနှစ်သင်္ကြန်မှာ အထိအခိုက်အပျက်အစီးများလိမ့်မယ်လို့ ကောလာဟလတွေလည်းထွက်နေတော့ စိုးရိမ်မိတာအမှန်ပါ။

အဲဒီလိုအချိန်မှာပဲ သင်္ကြန်မတိုင်မီတစ်ရက်အလို နေပြည်တော်-ရန်ကုန်အမြန်လမ်းမပေါ်မှာ စိတ်မချမ်းမြေ့ဖွယ်သတင်းက အင်တာနက်မှာ အရင်ဆုံးတွေ့လိုက်ရတာပါပဲ။ တောင်ကြီးကလာတဲ့ ခရီးသည်တင်အမြန်ယာဉ်နဲ့ ဆလွန်းကားတစ်စီးတို့ အရှိန်ပြင်းစွာတိုက်မိလိုက်တာ ခရီးသည် ၁၂ ဦး သေဆုံးခဲ့ရပါတယ်။ ဒီလောက်အစုလိုက်အပြုံလိုက် မီးလောင်သေဆုံးတာဟာ ပထမဆုံးပါပဲ။ ကားကြီးအောက်ကို ကားလေးဝင်သွားတဲ့ အထိဖြစ်ပွားမှုကလည်း အတော့်ကိုထိတ်လန့်ချောက်ချားဖွယ်ပါပဲ။

ယာဉ်မတော်တဆဖြစ်မှုတစ်ခုကိုကြည့်ရင် လမ်းကြောင့်ရယ်၊ ယာဉ်ကြောင့်ရယ်နဲ့ ယာဉ်မောင်းကြောင့်ဆိုပြီးရှိပါတယ်။ အဓိကကတော့ ယာဉ်မောင်းတွေရဲ့ မဆင်မခြင်မောင်းနှင်မှုကြောင့် အဖြစ်များကြောင်း သိရပါတယ်။

နေပြည်တော်အမြန်လမ်းမကြီးဟာ ကွန်ကရစ်လမ်းမကြီးပါ၊ နိုင်ငံတကာမှာလည်း ဒီလိုကွန်ကရစ်အမြန်လမ်းမကြီးတွေကိုအသုံးပြုကြောင်း သိရပါတယ်။ ဒီလမ်းမကြီးတွေဟာ လမ်းချော်မှုမရှိဘဲ ကားတာယာသာအနည်းငယ်ပိုစားကြောင်း သိရပါတယ်။ ဒါ့ကြောင့် ကားတာယာတွေကောင်းဖို့တော့လိုပါတယ်။ ဂျပန်နိုင်ငံကအဝေးပြေးလမ်းမကြီးပေါ်မှာ မောင်းနှင်ဖူးတဲ့ မိတ်ဆွေတစ်ဦးကတော့ “ဂျပန်မှာလည်း အဝေးပြေးလမ်းမရှိတယ်၊ ကားက လမ်းဘေးကို ရောက်သွားတာနဲ့ တဒုန်းဒုန်းမြည်လာတယ်၊ အိပ်ငိုက်သွားရင်လည်း လန့်နိုးသွားနိုင်တယ်၊ ပြီးတော့ ကားကမူလလမ်းပေါ်ကို အလိုလိုပြန်ရောက်သွားတယ်၊ ဘာ့ကြောင့်လဲဆိုတော့ လမ်းဘေးသားတွေက မူလလမ်းထက်ပိုပြီးမြင့်နေလို့ပါပဲ”လို့ ဆိုပါတယ်။

နောက်တစ်ချက်ကတော့ အမြန်လမ်းမှာသွားနေတဲ့ ယာဉ်တွေဟာ ယာဉ်ကြံ့ခိုင်မှုပိုရှိရပါမယ်။ မှန်အလုံပိတ်မောင်းတဲ့အတွက် အဲကွန်းကောင်းရပါမယ်။ ကားထဲမှာ အရေးပေါ် အခြေအနေဖြစ်ရင် အလျင်အမြန်ထွက်နိုင်ဖို့ စီစဉ်ထားရပါမယ်။ အဆင့်မြင့်ကားကြီးတွေမှာလိုပဲ မှန်ခွဲစရာ(တူအချွန်)ပါရပါမယ်။ ယာဉ်မောင်းနဲ့အတူ ယာဉ်နောက်လိုက်တွေဟာ ကူညီဆောင်ရွက်ပေးရမယ့်တာဝန်ရှိပါတယ်။ ယာဉ်ပိုင်ရှင်တွေအနေနဲ့ကလည်း မိမိရဲ့ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေနဲ့ ယာဉ်ရဲ့ကြံ့ခိုင်မှုကိုအမြဲစစ်ဆေးပြီး စိတ်တိုင်းကျမှ ယာဉ်ထွက်ခွင့်ပြုသင့်ပါတယ်။

ယာဉ်မောင်းအပိုင်းမှာတော့ လိုက်နာစရာအများကြီးရှိပါတယ်။ ညပိုင်းမောင်းတဲ့ယာဉ်တွေမှာ အလှည့်ကျယာဉ်မောင်းပါရပါမယ်။ မနှစ်က စာရေးသူ တောင်ကြီးသွားတုန်းက (ရှမ်းမလေးလိုင်း)မှာ ယာဉ်မောင်းနှစ်ဦးပါတယ်။ တစ်ယောက်အိပ် တစ်ယောက်မောင်းပဲ။ ယာဉ်မောင်းဘေးမှာလည်း အင်ချပ်နှစ်ဦးပါတယ်။ တစ်လမ်းလုံး မအိပ်ဘဲ ယာဉ်မောင်းကိုအကူအညီပေးတာတွေ့ရတယ်။ ပြီးတော့ လမ်းကောင်းတိုင်း၊ လမ်းရှင်းတိုင်းအမြန်နှုန်းကို မတိုးမြှင့်သင့်ဘူး၊ တစ်ခုခုနဲ့ကြုံတွေ့လိုက်ရင် ယာဉ်ကိုဟန်ချက်ညီညီထိန်းနိုင်ဖို့ အတော်ခက်ပါတယ်။ ယာဉ်ဟာ အမြန်နှုန်းသိပ်မြင့်နေတဲ့အချိန်မှာ အန္တရာယ်ကိုတွေ့ရင် တောင်မှ ရှောင်ဖို့တိမ်းဖို့သိပ်ခက်ပါတယ်။

စာရေးသူအနေနဲ့ ဒီအမြန်လမ်းမကြီးပေါ်မှာ တစ်ခါလောက်ပဲသွားဖူးပါတယ်။(မီးရထားနဲ့ အသွားများလို့ပါ) ဒီလမ်းပေါ်မှာပဲ ကီလို ၈၀ လောက်နဲ့မှန်မှန်မောင်းချင်သူတွေ၊ ကီလို ၁၀၀ နဲ့အထက်မောင်းချင်သူတွေအတွက် ဘယ်လို ခွဲခြားသတ်မှတ်ထားသလဲတော့မသိဘူး။ ပြီးတော့ ကားပျက်လို့ရပ်ထားချင်ရင် လမ်းဧရိယာပြင်ပမှာ သီးသန့်ရပ်တန့်နိုင်အောင် စီစဉ်ထားရင်သင့်မယ်ထင်ပါတယ်။

အဓိကအချက်ကတော့ ယာဉ်မောင်းပါပဲ။ ယာဉ်တစ်စီးလုံးနဲ့ယာဉ်ပေါ်ပါလာတဲ့ ခရီးသည်တွေရဲ့ အသက်ဟာ ယာဉ်မောင်းရဲ့လက်ထဲမှာပါ။ ယာဉ်မောင်းတစ်ချက်သတိလစ်လိုက်တာနဲ့ ယာဉ်တစ်စီးလုံးရဲ့ ကံကြမ္မာဟာ မျှော်လင့်လို့ကို မရနိုင်တော့ပါဘူး။ အထူးသဖြင့် အဝေးပြေးအမြန်ယာဉ်မောင်းတွေဟာ အိပ်ရေးဝဝ အိပ်ထားသူတွေဖြစ်ရပါမယ်။ အသောက်အစားကင်းရပါမယ်။ ဒါ့ပြင် ယာဉ်နောက်လိုက်တွေဟာ ယာဉ်မောင်းရဲ့ဘေးမှာပဲ အမြဲမပြတ်ရှိနေရပါမယ်။ အလျဉ်းသင့်သလို သတိပေးနေရမှာပါ။ အကယ်၍ ယာဉ်မတော်တဆမှုဖြစ်ခဲ့ရင်လည်း ခရီးသည်တွေရဲ့ အသက်အန္တရာယ်ကျရောက်ခြင်းက လွတ်ကင်းအောင် တတ်နိုင်သမျှ ကူညီပေးရမှာဖြစ်ပါတယ်။ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတယ်ဆိုတာကတော့ အတော်ကိုလူမဆန်တဲ့လုပ်ရပ်ပါပဲ။

ယခုအခါမှာ လမ်းပန်းဆက်သွယ်ရေးကောင်းလာသလို ခရီးသွားလာမှုလည်း များလာကြပါတယ်။ ခေတ်မီကားသစ်ကြီးတွေလည်း ပေါလှပါတယ်။ ဒါပေမယ့် ခရီးသည်တွေအနေနဲ့ကတော့ ကားဘယ်လောက်ကောင်းကောင်း သတိဝီရိယကတော့ ပိုတယ်မရှိပါဘူး။ ကားရဲ့ လုံခြုံစိတ်ချရမှု၊ ဘေးကင်းမှု၊ အလွယ်တကူပိတ်နိုင်ဖွင့်နိုင်မှု စတဲ့အချက်တွေကိုလည်း သတိလက်မလွတ်စေချင်ပါဘူး။ ယာဉ်လိုင်းတွေအနေနဲ့ကလည်း ထိုက်သင့်တဲ့ ယာဉ်စီးခကိုယူပြီး ထိုက်သင့်တဲ့ဝန်ဆောင်မှုကို ပေးနိုင်ရပါမယ်။ လူနဲ့ကုန်နဲ့ သင့်တင့်မျှတအောင်စီမံသင့်ပါတယ်။ ဆိုလိုတာကတော့ လူစီးကားကကုန်တင်ကားမဖြစ်ဖို့ပါပဲ။

တကယ်တော့ အဝေးပြေးယာဉ်လိုင်းတစ်စီးရဲ့ တန်ဖိုးဟာလည်း သိန်းထောင်ဂဏန်းလောက်ရင်းနှီးမြှုပ်နှံထားရတာပါ။ မိမိရွေးချယ်လိုက်တဲ့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေဟာ ကားမောင်းတတ်ရုံသက်သက်နဲ့တော့ ယာဉ်မောင်းမခန့်သင့်ပါဘူး။ ယာဉ်မောင်းအပါအဝင် ယာဉ်နောက်လိုက်တွေဟာ မိမိတာဝန်ကိုမိမိကျေပွန်တဲ့သူ၊ တာဝန်သိသူ၊ တာဝန်ခံနိုင်သူဖြစ်ဖို့လိုပါတယ်၊ ခရီးစဉ်တစ်ခုကို အမြန်ဆုံးရောက်အောင်မောင်းမယ်၊ နားသင့်တဲ့နေရာ မနားဘူး၊ ယာဉ်မောင်းလဲပြီးမောင်းသင့်တဲ့အချိန်မောင်းရမယ်။ မြန်မြန်မောင်း၊ မြန်မြန်ရောက်၊ ခေါက်ကြေးယူ၊ အန္တရာယ်ဖြစ်တော့ ထွက်ပြေးဆိုတာကတော့ အတော့်ကိုတာဝန်မဲ့လွန်းရာရောက်ပါတယ်။ ယာဉ်မောင်းတစ်ဦးရဲ့ ပေါ့ဆမှု၊ အဆင်အခြင်မဲ့မှုကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရနိုင်ပါတယ်။ အပြစ်မဲ့တဲ့ ခရီးသွားပြည်သူတွေရဲ့ ဘဝတွေကို စာနာနားလည်နိုင်ကြမယ်ဆိုရင်-----။ ။

တိုက်ကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

တိုက်ကြီး မေ ၂၁ - တိုက်ကြီးမြို့နယ် ယင်းတိုက်ကွင်းကျေးရွာတွင် မေ ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က ယာဉ်မောင်း ချစ်ကို(၂၅)နှစ် တိုက်ကြီးမြို့နယ်နေသူမောင်းနှင်လာသည့် ၉၅/---- FAW အမျိုးအစားကုန်တင်ယာဉ်မှာ စက်နှိုး၍မရသဖြင့် ယာဉ်မောင်းသားထွေး(၃၀)နှစ် တိုက်ကြီးမြို့နယ်နေသူ မောင်းနှင်သည့် ၉၅/---- ထော်လာဂျီအပြာရောင်ယာဉ်ဖြင့် ဆွဲ၍စက်နှိုးရန်အတွက် ချစ်ကိုက FAW ယာဉ်၏ နောက်ပိုင်းနှင့် ထော်လာဂျီယာဉ်၏ ခေါင်းပိုင်းကို သံကြိုးချိတ်နေစဉ် သားထွေးက ထော်လာဂျီယာဉ်အား ရှေ့တိုး နောက်ဆုတ်ပြုလုပ်ရာမှ အရှိန်လွန်ကာ ချစ်ကိုအားတိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် ချစ်ကိုမှာ ယာဉ်နှစ်စီးကြား ညပ်မိသဖြင့် ဦးခေါင်းကြေမွ၊ ဝဲမျက်စိထွက်၊ သွားများကျိုးကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း သားထွေးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

(စိုးဝင်း-MLA)

အင်းတော်ကြီးဒေသသို့ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးတော့မည်

မိုးညှင်း မေ ၂၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကျေးလက်ဒေသများသို့ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ သိရသည်။

“ဟိုပင်မြို့မှာ 66/33KV 10 MVA ဓာတ်အားခွဲရုံ တည်ဆောက်နေတာ ၂၀ ရာခိုင်နှုန်း ပြီးနေပြီ။ 33KV ဓာတ်အားလိုင်း ၄၈ မိုင်ကတော့ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တယ်”ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်က ပြောသည်။

မိုးညှင်းမြို့နယ် ဟိုပင်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရားအပါအဝင် အင်းအရှေ့ဘက်ခြမ်းကျေးရွာခုနစ်ရွာနှင့် အင်းအနောက်ဘက်ခြမ်းကျေးရွာ ၁၁ တို့ ရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ 33/0.4KV ထရန်စဖော်မာများကိုပါ ဖြည့်ဆည်းပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအုန်းဇော်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ မဟာဓာတ်အား(လိုင်းမှူး) ဦးထူးလှိုင်ထွန်းတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကေဆိုင်းနော်(ဖားကန့်)

အက်ရှင်ဇာတ်ဝင်ခန်းများစွာပါဝင်မည့် ဂျက်ကီချန်း၏ Dragon Blade

၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း ရိုက်ကူးရေးလုပ်ငန်းများစွာ ရှိသည့်အနက်မှ နာမည်ကျော် ဟောင်ကောင်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက Dragon Blade အမည်ရှိ သမိုင်းမှတ်တမ်းဇာတ်ကားကို ဦးစွာရွေးချယ်ထားကြောင်း ကြေညာချက်ကို မေ ၁၇ ရက်က တရုတ်နိုင်ငံ ပေကျင်း၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကြေညာခဲ့ကြောင်း သိရသည်။

ယင်းသမိုင်းမှတ်တမ်းဇာတ်ကားသည် တရုတ်ရှေးဟောင်းမြို့တော်တွင် ပျောက်ဆုံးသွားခဲ့ရသည့် ရောမစစ်သားများအကြောင်း ပုံဖော်ထားခြင်းဖြစ်ပြီး အက်ရှင်ဇာတ်ဝင်ခန်းများစွာ ပါဝင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် နှစ်သစ်ကူးတွင် ဖြန့်ချိပြသရန်စီစဉ်ထားကြောင်း သိရသည်။

"ဒီဇာတ်ကားအတွက် ခုနစ်နှစ်လောက် ပြင်ဆင်ခဲ့ရပါတယ်၊ ဟန်မင်းဆက် လက်ထက်တုန်းက တရုတ်နိုင်ငံရဲ့ အနောက်မြောက်ပိုင်းက ရွာတစ်ရွာမှာ ရောမစစ်သားများ ပျက်စီးခဲ့တဲ့ စာအုပ်ကို ကျွန်တော် ဖတ်မိကတည်းက ဒီဇာတ်ကားရိုက်ကူးဖို့ စိတ်အားထက်သန်နေခဲ့တာပါ"ဟု ဒါရိုက်တာကဆိုသည်။

ထို့အပြင် အဆိုပါ သမိုင်းမှတ်တမ်းဇာတ်ကားအတွက် ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း ၃၂၀ ရှိပြီး ယင်းသည် တရုတ်ရုပ်ရှင်လောကတွင် သမိုင်းတွင်လောက်သည့် ကုန်ကျစရိတ်မျိုးဖြစ်ကြောင်း သိရသည်။

မေလအတွင်းကျင်းပမည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်

ပြင်သစ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၆၇)ကြိမ်မြောက် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို လာမည့် မေ ၁၄ ရက်မှ ၂၅ ရက်အထိ ပြင်သစ်နိုင်ငံ ကိန်းစ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲအဖြစ် မင်းသမီး နစ်ကိုးကတ်ဒ်မင်းနက ဂရေ့စ်ကယ်လီအဖြစ် အဓိကပါဝင်သရုပ်ဆောင်ထားသည့် Grace of Monaco ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် အကဲဖြတ် ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် နယူးဇီလန်ဒါရိုက်တာ Jane Campion က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကိန်းစ်ရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Palme d'Or ဆုရှင်အမည်ကို မေ ၂၄ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သည်းထိတ်ရင်ဖိုရသပေးစွမ်းမည့် ဂေါ်ဇီလာဇာတ်ကားသစ်

ဂေါ်ဇီလာဇာတ်ကား၏ ဖန်တီးရှင် ဒါရိုက်တာ Gareth Edwards က ဂေါ်ဇီလာဇာတ်ကားကြိုက်ပရိသတ်များကို သည်းထိတ်ရင်ဖို ရသပေးစွမ်းနိုင်ရန်အတွက် ယခုနှစ်အတွင်း ယင်းဇာတ်ကား၏ နောက်ဆက်တွဲ အမေရိကန်စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတစ်ကားကို ဖန်တီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်ကို ထူးခြားစွာ ဖန်တီးထားပြီး Bryan Cranston၊ Aaron Taylor-Johnson နှင့် Elizabeth Olsen တို့က အဓိကပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး ယင်းဇာတ်ကားကို Warner Bros. Pictures ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဂျပန်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ Toho တို့က ပူးပေါင်းထုတ်လုပ်ထားခြင်းလည်းဖြစ်ကာ လာမည့် မေ ၁၆ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"monster ဇာတ်ကားတွေ ဖန်တီးရတာကို နှစ်သက်ပါတယ်၊ ဒါက ကျွန်တော့်ဝါသနာပါ၊ လက်တွေ့ဘဝနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဖန်တီးထားပါတယ်"ဟု ဂေါ်ဇီလာဇာတ်ကားသစ်၏ ဒါရိုက်တာ Gareth Edwards က ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင်
စုစည်းဖော်ပြသည်

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၄ (အင်္ဂါနေ့)

MRTV

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၆း၄၅ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၆း၅၀ "ကြည်နူးမှုန်းမျှော်မြတ်ရှင်မော်"
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၇း၃၅ "ဇီဝမျိုးစုံမျိုးကွဲ စုံစုံလင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်"(အပိုင်း-၁)
- ၉း၃၀ "ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ"(USA)
- ၁၀း၁၅ "လောကအလင်းဝေဖြာ နန်ချိုမှာ"
- ၁၀း၃၅ အတီးပြိုင်ပွဲ
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၁း၂၀ "တနင်္သာရီတိုင်းဒေသကြီးမှာ ဂုဏ်ယူဖွယ်ကြွား ပုလောတံတားနှင့်ကြိတံတား"
- ၁၁း၃၀ တစ်မျက်နှာတစ်ကွက်စာ "အယောင်ဆောင်ချစ်သူ" (ဇာတ်သိမ်း)(ထွန်းကိုကို၊ မေ)[ဒါရိုက်တာ-မေတင် (MMG)]
- ၁၂း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချိုးကူသံ"(ဟိန်းဝေယံ၊ ရန်အောင်၊ရဲအောင်၊ ပုလဲဝင်း၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်) (ဒါရိုက်တာ-ဟိန်းစိုး)
- ၂း၃၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မြင့်မြင့်ခင်)
- ၃း၁၅ "နှလုံးသားမှ ရိုက်ခတ်သံ"
- ၃း၃၀ "သနပ်ခါးပိုင်ရှင်"
- ၄း၁၅ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၄၅ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
- ၆း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ယွန်းရွှေရည်)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၈း၃၅ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
- ၉း၃၀ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၁၂) -"ဥယျာဉ်နန်းကပန်းသခင်" (စွမ်း၊ လင်းဇာနည်ဇော်၊ ရတနာမိုင်) (ဒါရိုက်တာ-သံလျင်ဖိုးကျော်)

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ရောင့်ရဲခြင်း"တရားတော် (ဆရာတော်အရှင်ပညာဝရ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၆၆)
- ၉း၅၅ ခေတ်သစ်ပျိုမေ
- ၁၀း၄၀ အနုပညာမိုးကောင်းကင်
- ၁၁း၀၀ သွားမယ်စားမယ် (Blue Galaxy)
- ၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၅)
- ၃း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၄၅ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ

MWD

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ယောဂ
- ၆း၄၅ မှတ်တမ်း
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ မြတ်နိုးစရာ ရိုးရာလက်မှုပညာ
- ၈း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၉း၀၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
- ၄း၁၅ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ မျိုးချစ်တပ်မတော်
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ မြန်မာသကြန်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးကောင်းကင်သမားတော် အပိုင်း(၁၀) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" အပိုင်း(၃၄)



စတာလင်သည် ဥရောပ၌အကောင်းဆုံး လူငယ်ကစားသမားတစ်ဦးဖြစ်ကြောင်း ရော့ဂျာပြောကြား

နော့ဝ့စ်ချ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၅)တွင် လီဗာပူးအသင်းက နော့ဝ့စ်ချ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ တိုက်စစ်မှူး စတာလင်အနေဖြင့် လီဗာပူးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ၎င်း၏သွင်းဂိုးနှစ်ဂိုးကြောင့်သာ အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ် ၈၀ ဖြင့် ဦးဆောင်နိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူးစတာလင်သည် ဥရောပတွင် အကောင်းဆုံးလူငယ်ကစားသမား တစ်ဦးဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ၁၁ ပွဲဆက်တိုက်နိုင်ပွဲဆက်ခဲ့ပြီး ၂၄ နှစ်တာကာလအတွင်း ပရီမီယာလိဂ်ဖလားရရှိမည့်အခွင့်အရေးတစ်ရပ်နှင့် ပထမဆုံးအကြိမ်နီးစပ်မှုရှိလာပြီဖြစ်သည်။ တိုက်စစ်မှူး စတာလင် သည် ပွဲကစားချိန် ၄ မိနစ်တွင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၆၂ မိနစ်တွင် ၎င်းအတွက် ဒုတိယမြောက်သွင်းဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် နော့ဝ့စ်ချ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ တိုက်စစ်မှူးဆွာရတ်ဇ်သည် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် လိဂ်သွင်းဂိုး ၃၀ ပြည့်မြောက်ခဲ့ရသည်။

လီဗာပူးအသင်းပရီမီယာလိဂ်ဖလား ရရှိမည့်အခွင့်အရေးနှင့် နီးစပ်လာ

ပရီမီယာလိဂ် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည့် လီဗာပူးအသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်လျက်ရှိသည့် နော့ဝ့စ်ချ်အသင်းအား သုံးဂိုး-နှစ်ဂိုး ဖြင့်အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် ရမှတ် ၈၀ ရရှိကာ ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းအား ငါးမှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ဖလားရရှိမည့်အခွင့်အရေး တစ်ရပ်နှင့် နီးစပ်လာခဲ့သည်။

အမှတ်ပေးဇယား ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းသည် ပွဲစဉ်(၃၅)တွင် စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းကြီးထဲ၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အောက်ဆုံးနေရာမှ ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းမှာ ပရီမီယာလိဂ်ဖလား လီဗာပူးအသင်းအတွက် ဖြစ်လာမည့် လမ်းကြောင်းပေါ်သို့ ရောက်လာသည်ဟုလည်း ဆိုရမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား လုဘက်အသင်းများ အဖြစ် လက်ရှိအချိန်တွင် အမှတ်ပေးဇယား ထိပ်ဆုံး၌ လီဗာပူး၊ ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့သာ ရပ်တည်လျက်ရှိပြီး လီဗာပူးအသင်းသည် ချယ်လ်ဆီးကို အိမ်ကွင်း၌လည်းကောင်း၊ ခရစ္စတယ်ပဲလေ့ကို အဝေးကွင်း၌လည်းကောင်း၊ နယူးကာဆယ်ကို အိမ်ကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရရန်ရှိနေသည်။ ချယ်လ်ဆီးအသင်းသည်လည်း လီဗာပူးအသင်းကို အဝေးကွင်း၌လည်းကောင်း၊ နော့ဝ့စ်ချ်ကို အိမ်ကွင်း၌လည်းကောင်း၊ ကာဒစ်ဖ်ကို အဝေးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရရန်ရှိနေပြီး မန်စီးတီးအသင်းမှာမူ လက်ရှိတွင် ၃၃ ပွဲသာကစားထားပြီး ငါးပွဲကစားရန်ကျန်ရှိနေသေးသည်။ ယင်းပွဲစဉ်များမှာ ဝက်စ်ဘရွန်းကို အိမ်ကွင်း၌လည်းကောင်း၊ ခရစ္စတယ်ပဲလေ့ကို အဝေးကွင်း၌လည်းကောင်း၊ အဲဗာတန်အား အဝေးကွင်း၌လည်းကောင်း၊ ဗီလာကို အိမ်ကွင်း၌ လည်းကောင်း၊ ဝက်စ်ဟမ်းကို အိမ်ကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရန်ရှိနေသည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ကစားရန်ရှိနေသည့် အပြင် အိမ်ကွင်း၌ ဆန်းဒါးလန်းကို ရှုံးနိမ့်ထားမှုမှာ အသင်း၏ တည်ငြိမ်မှုအားနည်းနေခြင်းကို ထင်ဟပ်နေစေပြီး နှစ်ပွဲဆက်ရှုံးပွဲမကြုံရေးအတွက် လီဗာပူးအသင်းကို အနိုင်ကစားရဦးမည်ဖြစ်သည်။ သို့ရာတွင် ရှေ့ လယ်နောက် အားလုံးပြည့်စုံမှုရှိနေသည့် လီဗာပူးအသင်းကို ကျော်ဖြတ်ရန် အခက်အခဲရှိနေသည်။ မန်စီးတီးအသင်းသည်လည်း ငါးပွဲကစားရဦးမည်ဖြစ်၍ ခြေချော်မှုမရှိနိုင်ဟု ပုံသေပြော၍ မရသေးပေ။ လီဗာပူးအသင်းသည် ခြေစွမ်းတည်ငြိမ်မှုရှိနေပြီး တိုက်စစ်မှူး ဆွာရတ်ဇ်မှာမူ တစ်ရာသီတည်း၌ သွင်းဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့သည့် ခုနစ်ဦးမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ထို့ကြောင့် လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ငါးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့သည့် လီဗာပူးအသင်းသည် ပရီမီယာလိဂ်ဖလား ရရှိနိုင်မည့် အလားအလာကောင်းတစ်ရပ်ကို မလွဲမသွေပိုင်ဆိုင်ရဖွယ်ရှိနေသည့် အနေအထားဟု ဆိုရမည်လည်းဖြစ်သည်။

ဥတုရာသီ
တောကိုမို၏

ဘာစီလိုနာ ဖလားလက်မဲ့ရာသီဖြစ်ခဲ့ပါက မိမိတွင် တာဝန်ရှိကြောင်း မာတီနိုဖွင့်ဟ

ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းသည် ဖလားတစ်လုံးမျှမရရှိခဲ့ပါက မိမိတွင် တာဝန်ရှိကြောင်း ဘာစီလိုနာအသင်းနည်းပြ မာတီနိုက ဖွင့်ဟပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီအတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲကြီးသုံးရပ်ဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြည်တွင်းပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းအား ရှုံးနိမ့်ကာ ထွက်ခဲ့ရသည့်အပြင် စပိန်ကိုပါဒယ်ရေး ဖလားပြိုင်ပွဲတွင်လည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း လာလီဂါ ထိပ်တန်းပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ကာ ဖလားရရှိမည့်အခွင့်အရေးနှင့် လွဲခဲ့ရသည်။

ထို့ပြင် စပိန်လာလီဂါပြိုင်ပွဲတွင်လည်း ဖလားရရှိမည့် အခွင့်အရေးတစ်ရပ်နှင့် လွဲချော်ရဖွယ်အနေအထားတွင် ရှိနေပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကသာ ဖလားရရှိမည့်အနေအထားတွင် ရှိနေသည်။ ယင်းနှစ်သင်းထဲမှ ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်ကိုပါဒယ်ရေးဖလားရရှိထားသောကြောင့် ချန်ပီယံလိဂ်ဖလားနှင့် စပိန်လာလီဂါဖလားတို့ကို မျှော်မှန်းနိုင်မည့်အခြေအနေတွင်ရှိနေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအတွက် ဖလားလက်မဲ့ဖြစ်ရဖွယ်ရှိနေခြင်းကြောင့် ယင်းသို့ ဖလားလက်မဲ့ဖြစ်ခဲ့ပါက မိမိတွင်သာ တာဝန်ရှိကြောင်း နည်းပြ မာတီနိုက ဖွင့်ဟ ပြောကြားခဲ့ခြင်းဖြစ်သည်။



ငွေကြယ်



တပည့်ဒါယကာ၊ ဒါယိကာမများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ဖွားစောရွာ၊ သီရိမင်္ဂလာရတနာဘုံမြင့်ကျောင်းတိုက်အတွင်းရှိ "သာသနပိမာန်ဓမ္မာရုံကြီး"ကို အများကောင်းမှုရေစက်ချအလှူတော်မင်္ဂလာပြုလုပ်ရာ၌ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၉/၁၀)ရက် နေ့- ညတို့၌ ရှင်လောင်းလှည့်ခြင်း၊ ကျောင်းသိမ်းပွဲ၊ ဓမ္မာရုံရေစက်ချခြင်းနှင့် (ရွှေဒေါင်းမင်းဆိုင်းအဖွဲ့၊ မန္တလေးမြို့ ဆန်းလင်းဇာတ်သဘင်အဖွဲ့တို့ဖြင့်) ကျင်းပပြုလုပ်ပါမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘီလပ်မြေစက်ရုံ(နေပြည်တော်) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဘီလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများကို ထုခွဲရောင်းချလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်-

(က) သံထည်ပစ္စည်းအဟောင်း	၅၅. ၃၉	တန်ခန့်
(ခ) စက်ဆီ၊ချောဆီအပျက်	၁၂၂	ပေပါ
(ဂ) ဘက်ထရီအဟောင်း	၆၆	လုံး
(ဃ) တာယာအဟောင်း	၄၅၉	လုံး
(င) ပီနန်အိတ်ခွံအဟောင်း	၁၇၈၅၁	အိတ်
(စ) ကြေးဝိုင်ယာအဟောင်း	၁၅၈	ပေါင်

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၃၀-၄-၂၀၁၄ရက် (၁၆း၀၀)နာရီ

ဆက်သွယ်ရန်လိပ်စာ (၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊
ဘီလပ်မြေအရောင်းဌာနခွဲ
ဖုန်း- ၀၆၇-၄၃၂၃၁၂
(၂) ဘီလပ်မြေစက်ရုံ(နေပြည်တော်)
ဖုန်း- ၄၉၂၁၀၀၈၆၊ ၅၁၁၀၃၃၁

GOLDEN CITY
လက်လွှတ်မဆုံးရှုံးသင့်သော အခွင့်အရေးကောင်း
GOLDEN CITY အားပိုင်ဆိုင်ခွင့်
NATIONAL LANDMARK • EXCLUSIVELY YOURS
•Bringing Global Knowledge Together •Modern Classical Fusion •Comfortable Luxury Living Space
•Royal Treatment At Our Hotel •International Office Building •Premium Luxury Shopping •Elite Community
•Platinum Privilege Club •French Inspired Garden •The World's Most Advanced Security Systems
G O L D E N C I T Y
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old Building,Yankin Township,Yangon Myanmar Http://www.glredcl.com

မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ငရုတ်နှင့် ကုလားအော်ပျိုးထောင်ပြီးဖြစ်ကာ ပျိုးရောင်းရငွေ ယခင်နှစ်ကထက် ပိုမိုရရှိနိုင်

ရမည်းသင်း၊ မေ ၂၁

ယခုလရာသီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသော တောင်သူများ မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ငရုတ်နှင့် ကုလားအော်များ ပျိုးထောင်နေကြပြီဖြစ်ကြောင်းသိရသည်။

၎င်းရမည်းသင်းမြို့နယ် အတွင်းရှိ ထနောင်းကုန်းအုပ်စု၊ ကျီစုကျေးရွာ ခရိုင်ချင်းဆက် လမ်းမကြီးအရှေ့ဘက်တွင် ငရုတ်နှင့် ကုလားအော်ပျိုးခင်း အများအပြားတွေ့ရပြီး ပျိုးခင်းအတွင်း ရေလောင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ယင်းဒေသများတွင်ငရုတ်နှင့် ကုလားအော်ကို အများအပြားစိုက်ပျိုးကြ၍ယခုကဲ့သို့ပျိုးထောင်ခြင်းဖြစ်သည်။အဆိုပါငရုတ်နှင့်ကုလားအော်များအား ကိုယ်တိုင်စိုက်ပျိုးရန်နှင့် ပိုလျှံသောပျိုးပင်များကို ရောင်းချကြပြီး ပျိုးထောင်ရန်အတွက် ဦးစွာပျိုးထောင်မည့် လယ်မြေ၊ ယာမြေများကို ပြုပြင်ကာ သဘာဝမြေသြဇာများနှင့် သမအောင် ရောစပ်၍ အလျား အတောင် ၅၀၊ အနံသုံးတောင်ရှိသော မြေပေါင်များ ပြုလုပ်ရသည်။

မိုးရာသီတွင်စိုက်ပျိုးရန်အတွက် ငရုတ်နှင့် ကုလားအော်များ ပျိုးထောင်နေသည့် မြင်ကွင်းအားတွေ့ရစဉ်။

ယင်းနောက် မျိုးစေ့ပက်ပျိုးထောင်ပြီး နေ့စဉ် တစ်ရက် ရေနှစ်ကြိမ်လောင်းပေးကာ ပျိုးပင်များ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်ခံနိုင်ရန်အတွက် ကောက်ရိုးအုပ်ပေးရသည်။

ယခုနှစ်တွင် မေပြီလအစောပိုင်းနှင့် အတူ သကြၤန်မိုးရွာသွန်းမှုကြောင့် ပျိုးပင်များ အအေးဓာတ်ရကာ ဖြစ်ထွန်းအောင်မြင်ကြောင်းသိရပြီး ပျိုးသက် ၄၅ ရက်တွင် ပြောင်းရွှေ့စိုက်ပျိုးနိုင်သော်လည်း ရာသီဥတုကို အခြေခံ၍ စိုက်ပျိုးကြရသည်။

ငရုတ်တစ်ဧကစိုက်ပါက ပျိုးအတောင် ၈၀ ကျော်ကုန်ပြီး ကုလားအော်စိုက်ပါက တစ်ဧကလျှင် အတောင် ၆၀ ကျော်သာ ကုန်ကြောင်းနှင့် ယခုကဲ့သို့ ပျိုးထောင်ကြသော တောင်သူများသည် ကိုယ်တိုင်စိုက်ပျိုးရန်အတွက်သာမက ပျိုးပြန်ရောင်းရန်အတွက် တိုးချဲ့ပျိုးထောင်ခြင်းကြောင့် ဝင်ငွေရကြသည်။

ယခင်နှစ်က ငရုတ်ပျိုးတစ်တောင်လျှင် ၁၀၀၀ ကျပ်၊ ကုလားအော်ပျိုးတစ်တောင်လျှင် ၁၅၀၀ ကျပ် ရောင်းရသောကြောင့် ပျိုးရောင်းရငွေ နှစ်သိန်းကျော်ရရှိသည်။ ယခုနှစ်တွင် ပျိုးပင်ဖြစ်ထွန်းမှု ကောင်းသောကြောင့် ယခင်နှစ်ကထက် ပျိုးရောင်းရငွေ ပိုမိုရရှိမည်ဟု ယင်းဒေသခံတောင်သူတစ်ဦးက ပြောသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

လှိုင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

လှိုင်မြို့နယ်အတွင်း မေ ၂၀ ရက် နံနက် ၄ နာရီ ၅ မိနစ်က ဘုရင့်နောင်လမ်းအတိုင်းကမာရွတ်ဘက်မှ ပိတောက်ချောင်းဘက်သို့ ယာဉ်မောင်း ကိုရဲ (၂၆)နှစ် ရန်ကင်းမြို့နယ်နေသူမောင်းနှင်လာသော AA--- CALDINA အဖြူရောင် အငှားယာဉ်သည် ဘုရင့်နောင်လမ်းသွယ်(၂)လမ်းထိပ်အရောက် အရှိန်လွန်ကာ ရပ်ထားသော ၆ဂ/--- ကုန်တင်ယာဉ်၏ အနောက်ဘက်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်းသိရသည်။ အဆိုပါယာဉ်တိုက်မှုကြောင့် AA---- ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော အမျိုးစားနှစ်ဦး၊ အမျိုးသမီးလေးဦးနှင့် ယာဉ်မောင်း ကိုရဲတို့တွင် ဖူးယောင်ပွန်းပဲ့ဒဏ်ရာများအသီးသီးရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီး၌ ပြင်ပလူနာများ အဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ဦးတွင် နဖူးပေါက်ပြဲ၊ နှုတ်ခမ်းစုတ်ပြဲ သွားကျိုးဒဏ်ရာများ ရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီး၌အတွင်းလူနာ(စိုးရိမ်ရ)များအဖြင့်လည်းကောင်းအသီးသီး တက်ရောက်ကုသနေ ကြောင်း သိရသည်။

(ဝ၄ဝ)

မုံရွာမြို့နယ် ညောင်ဖြူပင်ရွာ၌ နှစ်ဆန်းတစ်ရက်နေ့ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

မုံရွာ၊ မေ ၂၁

မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နေ့လည် ၁၂ နာရီ ၄၅ မိနစ်ခန့်က မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာနေ ဇော်မျိုးသူ၏နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ၄ × ၃ ခန်း သွပ်မိုးအုတ်ကာ နေအိမ်တစ်လုံး၊ နွားစာတဲတစ်လုံး၊ ၁၉ × ၁၈ ပေ ထရံကာ ပျဉ်ခင်းတဲတစ်လုံး၊ မိန်းမစီး စက်ဘီးတစ်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို ကျေးရွာဒေသခံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ မုံရွာမြို့ မြို့မရဲစခန်းက ဇော်မျိုးသူအား (ပ)အမှတ် ၁၂၈/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူထားသည်။

မျိုးဝင်းထွန်း(မုံရွာ)

မဟာသင်္ကြန်ရက်အတွင်း မြို့တွင်းသွား ယာဉ်စီးခပိုတောင်းမှုများရှိ

ရန်ကုန်၊ မေ ၂၁

ယခုနှစ် သင်္ကြန်ရက်အတွင်းပြေးဆွဲခဲ့သော မထသ(ဗဟို)လက်အောက်ရှိ ယာဉ်လိုင်းများမှ အချို့ယာဉ်လိုင်းများတွင် ယာဉ်စီးခပိုမိုတောင်းခံမှုများရှိခဲ့သော်လည်း နှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ဖြစ် အခမဲ့ပြေးဆွဲပေးသော ယာဉ်လိုင်းများလည်းရှိခဲ့ကြောင်း မထသ(ဗဟို) မှ သိရသည်။

"သင်္ကြန်ရက်အတွင်းမှာ ယာဉ်စီးခပိုတောင်းလို့ တိုင်ကြားလာတာ ဆယ်မှုရှိပါတယ်။ အဲဒါတွေကို သေချာစစ်ဆေးပြီး ခေါ်ယူသတိပေးသွားမှာပါ။ သင်္ကြန်ရက်မှာပြေးဆွဲဖို့ ကျွန်တော်တို့အနေနဲ့ ပြောခဲ့တာမဟုတ်ဘူး။ သူတို့ဘာသာ အခြားယာဉ်လိုင်းတွေမရှိတုန်း ပြေးဆွဲချင်တယ်ဆိုပြီး တင်ပြလာတာ။ အဲဒီမှာ ခရီးသည်ရတဲ့ကားလည်း ရှိသလို ခရီးသည်မရတော့ ယာဉ်စီးခပိုတောင်းတာတွေလည်းရှိလာတာ" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

မထသလက်အောက်ရှိ ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် သင်္ကြန်ရက်အတွင်း သာမန်ယာဉ်စီးခနှုန်းအတိုင်းသာ ပြေးဆွဲသွားမည်ဆိုသော်လည်း သင်္ကြန်ကာလတွင် ယာဉ်စီးခပိုမိုတောင်းယူမှုများ ရှိခဲ့ကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

သို့သော် နှစ်ဆန်းတစ်ရက်နေ့တွင် ယာဉ်လိုင်း ၁၁ လိုင်းမှ ခရီးသည်တင်ယာဉ် အစီးရေ ၂၈ စီးမှာ ကုသိုလ်ဖြစ် ယာဉ်စီးခ အခမဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

သင်္ကြန်ရက်အတွင်း ရန်ကုန်မြို့၌ မထသ ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၁၃၀ မှ ယာဉ်အစီးရေ ၁၈၀၉ စီးဖြင့် ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါ မထသခရီးသည်တင် ယာဉ်လိုင်းများမှ သင်္ကြန်ရက်အတွင်း ယာဉ်တိုက်မှုလေးမှု ဖြစ်ပွားခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိ၍ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း မထသ(ဗဟို)မှ သိရသည်။

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်တိုက်မှု ၆၂ မှုဖြစ်ပွားခဲ့ပြီး ၁၅ဦးသေဆုံးခဲ့၍ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် သင်္ကြန်ကာလအတွင်း၌ ယာဉ်တိုက် မှု ၄၆ မှုဖြစ်ပွား၍ လေးဦးသေဆုံးခဲ့ကြောင်း ယခုနှစ်သင်္ကြန်ရက်တွင် ယာဉ်တိုက်မှု ပိုမိုဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ များလာခဲ့ကြောင်း သိရသည်။

တင်မောင်ဦး







ဆောင်းပါး

အေးချမ်းခြင်းကိုရှာဖွေနေသော ပန်းရိုင်းများ

[illegible]

ဤနေရာ ဤလမ်းက မကြာခဏ ဖြတ်သန်းသွားလာဖူးသည်။ ဤနေရာတွင်အေးချမ်းခြင်းကိုရှာဖွေနေသည့် ပန်းရိုင်းများ ပျော်မွေ့ရာဥယျာဉ်တစ်ခုရှိနေသည်ဟု သတိမထားမိခဲ့။ ထိုနေရာအား အသိမိတ်ဆွေတစ်ယောက်၏ကောင်းမှုဖြင့် လွန်ခဲ့သည့် သုံးလခန့်က ရောက်ဖူးခဲ့ပါသည်။

ပြီးခဲ့သောသင်္ကြန်ကာလအတွင်းက ဒုတိယအကြိမ် လာရောက်ဖူးခြင်းဖြစ်ပါသည်။ ထိုဥယျာဉ်မှာ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး၊ တောမဘူတာနှင့် မလှမ်းမကမ်း မိတ္ထီလာမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် တည်ရှိသည့် ခေမာသီရိသီလရှင်သင် စာသင်ကျောင်းပင် ဖြစ်သည်။

ခေမာသီရိ သီလရှင်စာသင်ကျောင်းသည် ပရဟိတစာသင်ကျောင်းဖြစ်ပြီး ကလော၊ အောင်ပန်း၊ တောင်ကြီးနယ်ဘက်မှ တိုင်းရင်းသား တိုင်းရင်းသူ မိမဲ့ဘမဲ့၊ မိဘမဲ့ကလေးငယ်များ၏ မှီခိုအားထားရာနေရာတစ်ခုဖြစ်သည်။ အဆိုပါဒေသတွင် တိုင်းရင်းသား ကလေးငယ်များအား မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေအနှစ်ကို သိရှိလေ့လာမိစေရန်နှင့် ခိုကိုးရာမဲ့ ကလေးငယ်များအား မှီခိုအားထားရာ နေရာတစ်ခုဖန်တီးပေးရန်၊ ဥယျာဉ်ကြီးတစ်ခုအတွင်းတွင် ပန်းရိုင်းများပွင့်လန်းခွင့်ရကာ လောက၏အလှအားသင်းပျံ့သော အဆင်းရနံ့များဖြင့် တန်ဆာဆင်နိုင်သူများ ဖြစ်လာစေရန် ရည်မှန်းချက်များဖြင့် ခေမာသီရိ (ပရဟိတ) သီလရှင်သင် စာသင်ကျောင်းကို ညီအစ်မနှစ်ဦးဖြစ်သည့် ဒေါ်ခေမာစာရီ၊ ဒေါ်ဝဏ္ဏသီရိ (မွေ့စရိယ) တို့နှစ်ဦးက ဦးဆောင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

"ကလေးငယ်တွေက တောင်ကြီးဘက်ကများတယ်။ တောင်ကြီးကျေးရွာတချို့မှာ မိတကွဲ ဖတကွဲ၊ မိမဲ့ဘမဲ့၊ မိဘမဲ့နဲ့ ခိုကိုးရာမဲ့ ကလေးငယ်တွေကိုတွေ့မိပြီး သူတို့ရဲ့ ဘဝအနာဂတ်မဲ့နေတာကို သိရတော့ စိတ်မကောင်းဖြစ်မိတယ်။ ပရဟိတကျောင်းဖွင့်ပြီး ပြုစုပျိုးထောင်မယ်လို့ စိတ်ကူးခဲ့ရာကနေ အခုလိုဆောင်ရွက်ဖြစ်တာပါ။ ကျောင်းတည်ထောင်စကတော့ ကလေးငယ် ၇၈ ဦး (သီလရှင်၊ သာမဏေ၊ လူ) ပဲ ရှိခဲ့တာ။ နောက်တော့ ခိုကိုးရာမဲ့ကလေးငယ်တွေထပ်ရောက်လာတော့ ၁၃၀ ကျော်ထိ ရှိလာတယ်။ အချို့ဆို ဒီကိုရောက်စက မီးတွင်းကထွက်ပြီးခါစ၊ မိခင်နို့စို့ခါစအရွယ်လေးပဲ ရှိသေးတာ။ အခုတော့ သူငယ်တန်းကျောင်းသားဖြစ်နေပါပြီ" ဟု ဆရာကြီးဒေါ်ခေမာစာရီက မိန့်သည်။

ခေမာသီရိ (ပရဟိတ) သီလရှင်သင်စာသင်ကျောင်းသည် မူလတန်းအဆင့်တွင်သာရှိသေးသဖြင့် ကျန်ရှိသည့် အတန်းပညာများကို နီးစပ်ရာဘုန်းတော်ကြီးသင်စာသင်ကျောင်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရပြီး တက္ကသိုလ်အဆင့် ကျောင်းတက်ပြီးစီးပါက သို့တည်းမဟုတ် ကလေးငယ်များ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်သည့် အရွယ် ရောက်ရှိလာပါက ကျောင်းမှ လွတ်လပ်စွာပြန်လည်ထွက်ခွာခွင့်ပြုထားသည်ဟုဆိုသည်။

"ကလေးငယ်တွေ ပညာစုံလို့ပဲဖြစ်စေ၊ တခြားဘဝ အသက်မွေးဝမ်းကျောင်းတစ်ခုကို တတ်မြောက်သင်ယူလို့ သူတို့ဘဝသူတို့ ထိန်းကျောင်းစောင့်ရှောက်နိုင်တဲ့ အရွယ်ရောက်ရင် ကျောင်းကနေ လွတ်လွတ်လပ်လပ်ထွက်ခွာခွင့်ပြုပါတယ်။ အဲဒီလို အရွယ်ရောက်လို့ ပြန်သွားကြတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီအခါကျ မျက်ရည်လည် ဝမ်းသာပီတိနဲ့ စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့် အတောင်မရှိလို့ မပျံနိုင်သေးတဲ့ငှက်ကလေးတွေကို အတောင်စုံပျံနိုင်တဲ့အထိ စောင့်ရှောက်ပြုစုပေးနိုင်ခဲ့လို့ ညီမနှစ်ဦးဝမ်းသာမိပါတယ်။ လူတချို့က ဒီအလုပ်လုပ်လို့ ဘာရမှာလဲလို့ မေးတဲ့အခါလည်းရှိတယ်။ ပရဟိတအလုပ်ဆိုတာ သူတစ်ပါးကို ကူညီစောင့်ရှောက်တဲ့အလုပ်ဖြစ်လို့ မွန်မြတ်တဲ့အလုပ်လို့ ခံယူပြီး လုပ်နေတာမို့ အဲဒီလိုအမေးခံရတိုင်း အပြုံးနဲ့တုံ့ပြန်ခဲ့ပါတယ်" ဟု ဆရာကြီး ဒေါ်ခေမာစာရီက မိန့်သည်။ နံနက် ၁၁ နာရီထိုးခါနီးအချိန်တွင် ဆွမ်းစားကျောင်းသို့ ဆရာကြီးနှစ်ပါးနှင့်အတူ သီလရှင်ငယ်များ၊ သာမဏေငယ်များ၊ ကလေးငယ်များ ရောက်ရှိလာကြပါသည်။ ဆွမ်းထမင်းပွဲများတွင် နေရာယူပြီး လက်အုပ်များ အစီအရီချီထားကြသည်။ မျက်လွှာများကိုချကာ လက်အုပ်များချီထားကြသည်မှာ အရွယ်နှင့်မညီ အေးချမ်းလှသည်ကို ခံစားမိပါသည်။

> **တိုင်းရင်းသား ကလေးငယ်များအား မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေအနှစ်ကို သိရှိလေ့လာမိစေရန်နှင့် ခိုကိုးရာမဲ့ကလေးငယ်များအား . . .**

လက်အုပ်ချီ မျက်လွှာချလျက် ဆွမ်းထမင်းအား ရုပ်ရည်ပျိုပြစ် လှပခြင်းငှာ မသုံးဆောင်ပါ အဓိပ္ပာယ်ရှိသော သံဝေဂစာများကို သံပြိုင်ရွတ်ဆိုကြသည့်မြင်ကွင်းအား ကြည့်၍ ဆွမ်းအလှူရှင်မိသားစုနှင့် ဆွေမျိုးတစ်စုတို့က ပီတိမျက်ဝန်းများဖြင့် ကြည်ညိုသဒ္ဓါဖြစ်နေကြသည်။

အဆိုပါဥယျာဉ်ကြီးထဲတွင်တောင်ကြီးမြို့မှ ကလေးငယ်များနှင့် တခြားအနယ်နယ်အရပ်ရပ်မှ ကလေးငယ်များသည် မှီခိုအားထားရာမရှိသူများအဖြစ်၊ အတောင်မစုံလေဟုန်မပျံနိုင်သေးသည့် ငှက်ငယ်များအဖြစ်၊ရနံ့မထုံ ဆင်းရနံ့ဂုဏ်ဖြင့်မမွှေးပျံ့နိုင်သေးသည့် ပန်းရိုင်းများအသွင်ရောက်ရှိခိုလှုံလျက်ရှိသည်။

ကာလတစ်ခု ကြာလာသောအခါ တချို့က မှီခိုအားထားရာရှိသဖြင့် ထွက်ခွာသွားပြီး တချို့တလေက အတောင်ပံစုံသဖြင့် လေဟုန်သို့ပျံသန်းသွားကြကာ တချို့ကသင်းရနံ့ထုံ၍ဆင်းရနံ့ဂုဏ်ဖြင့် မွှေးပျံ့လာကြသည်။ တချို့ ပန်းရိုင်းများသည်ကား ထိုဥယျာဉ်ထဲတွင်အေးချမ်းခြင်းကိုရှာဖွေနေဆဲပင် ဖြစ်ပါသည်။

သတင်းတိုများ

သက်ကြီးပူဇော်ပွဲ မဏ္ဍပ်ရှေ့တွင် ဓားထိုးမှုဖြစ်

မြန်မာနှစ်ဆန်းတစ်ရက်နေ့ဧပြီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ယင်းမာပင်မြို့နယ် ငါးမောင်းအနောက်ကျေးရွာ သင်္ကြန်မဏ္ဍပ်၌ သက်ကြီးပူဇော်ပွဲ ပြုလုပ်အပြီးတွင် ယင်းမဏ္ဍပ်ရှေ့၌အသက် (၂၇) အရွယ် အောင်ကိုလင်းသည် မဏ္ဍပ်ရှေ့သို့ထွက်လာစဉ်တစ်ရွာတည်းနေ အသက်(၁၉)နှစ်ရှိ အောင်ဖြိုးဝင်းနှင့် အတူလူငယ်သုံးဦး ပါလာပြီး ဓားဖြင့်ထိုးရာ အောင်ကိုလင်း၏ နောက်ကြောဝဲဘက်ခြမ်း ထိုးသွင်းဒဏ်ရာ၊ ယာချိုင်းအောက် ထိုးသွင်းဒဏ်ရာများ ရရှိခဲ့ပြီး ယင်းမာပင်မြို့နယ်မြို့မရဲစခန်းမှ အောင်ဖြိုးဝင်းပါ သုံးဦးအား (ပ)အမှတ် ၈၅/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/၁၁၄ အရ အမှုဖွင့်အရေးယူထားသည်။

မျိုးဝင်းထွန်း(မုံရွာ)

ညောင်လေးပင်မြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၂)ရပ်ကွက် သမစိတ္တတောင်ပိုင်း မိသားစုလူငယ်များ ဦးစီးကျင်းပသော စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၈ ရက် ညနေ ၅ နာရီက ကျင်းပပြုလုပ်ခဲ့သည်။ ကြွရောက်လာကြသော အပူဇော်ခံ ဘိုးဘွား ၅၀ ဦးအား လက်ဆောင်ပစ္စည်းငွေကျပ် ၁၁၀၀၀ စီဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ထို့နောက် ဘိုးဘွားများက ဩဝါဒစကားများ ပြောကြားကာ ဆုတောင်းမေတ္တာများ ပေးဝေကြသည်။ အလားတူ ညောင်လေးပင်မြို့ပေါ်ရှိ အခြားရပ်ကွက်များတွင်လည်း သက်ကြီးပူဇော်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

နေလင်း(ညောင်လေးပင်)

(May, June, July) Section
43112123

Holiday

(1) Junction ... Ph:571545, 09-5126882
(2) ... Ph:28917,09-43122884
(3) ... Ph:566591,09-421069133

Business Management Course Part (I)

Strategic Marketing Management

• Principles of Management • Accounting Knowledge for Managers • Marketing Management • Framework of Business Management • Entrepreneurship & SME Management • Productions & Operations Management

• Marketing Strategy and Marketing Plan • Strategic Advertising Management • Promotional Management • Understanding the Consumer Behavior • Brand Building, Brand Positioning & Customer Relationship Management

ရောဝတီမြစ်ရိုးတစ်လျှောက် စိုက်ပျိုးပင်များ အားလုံကြိုက်များ ရောင်းအားသွက်

မကွေး၊ မေ ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်ဘုရားကြီး အခွန်လွတ်ဈေးဆိုင်တန်းတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြေနုကျွန်းများပေါ်မှ စိုက်ပျိုးထွက်ရှိသည့် ဘူး၊ ဖရဲ၊ ခရမ်းချဉ်သီး၊ ငရုတ်၊ ချဉ်ပေါင်ရွက်၊ သခွားမွှေး၊ ပဲတောင့်ရှည်သီး၊ ကန်စွန်းဥ၊ ပြောင်းဖူး၊ ကန်စွန်းမြေပဲ၊ ခရမ်းသီး၊ နံနံပင်၊ ကြက်သွန်နီနှင့် ဖရဲသီးစသည့် အသီးအနှံ ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ထွက်ရှိ၍ စိုက်ပျိုးသူများ စားသုံးမှုဖူလုံရုံသာမက မြသလွန်ဘုရားဈေးနှင့် အခြားဈေးများတွင် သွားရောက်ရောင်းချရာ လတ်ဆတ်သောအသီးအနှံ များဖြစ်၍ လူကြိုက်များ အရောင်းရသွက်၍ အလျှုဒါနများပင် ပြုလုပ်နိုင်ကြောင်း သိရပါသည်။

အဆိုပါ အသီးအနှံပင်များအား စိုက်ပျိုးလုပ်ကိုင်ရာတွင် တချို့မှာ မိရိုးဖလာလုပ်ငန်းအဖြစ် အသက်မွေးမြူကြကြောင်း၊ တချို့မှာ ဧရာဝတီမြစ်ရေကျချိန်တွင် မြေနုကျွန်းများပေါ်၍ တာဝန်ရှိသူများမှ ခွဲဝေပေးသောနေရာများကို စားသုံးသီးနှံများ စိုက်ပျိုးကာ ထွက်ရှိလာသောသီးနှံများကို မိမိအိမ်ဝမ်းစာအတွက်လည်းရ ပိုလျှံသီးနှံများကို မြသလွန်ဘုရားကြီးဈေးဆိုင်တန်းတွင် လယ်ယာကိုင်းကျွန်းမှရသည့် အသီးအနှံများကို ရောင်းချကြကြောင်း၊ မကွေးမြို့သူ၊ မြို့သားများနှင့် နယ်မှဘုရားဖူးဧည့်သည်များပါ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ဝယ်ယူမှုအားကောင်းကြောင်း သိရသည်။

မိမိဝမ်းစာဖူလုံရုံသာမက ရောင်းအားကောင်းကောင်း၊ ဈေးကောင်း

အလှူဒါနများ ပင် ပြုလုပ်. .

ကောင်းနှင့် ရောင်းချရသည့်အတွက် လိုအပ်သည့် ပစ္စည်းများဝယ်နိုင်ရုံမက အလှူဒါနများပင်ပြုနိုင်ကြောင်း၊ နိုင်ငံခြားသားဧည့်သည်များလည်း ဧရာဝတီ၊ မကွေးကျွန်းမှထွက်သော ဖရဲသီး၊ သခွားမွှေးသီးများကို ပိုမိုဝယ်ယူကြောင်း၊ ကြိုက်နှစ်သက်ကြကြောင်း အဆိုပါရောင်းချသူများက ပြောသည်။

"ကျွန်မက မြေနုကျွန်းပေါ်တုံးကရွာမှာ သက်ဆိုင်ရာလူကြီးပေးတဲ့ မြေနုကျွန်းခွဲတမ်းမြေမှာ ဓာတ်မြေသြဇာမသုံးဘဲ သဘာဝမြေသြဇာသုံးပြီး ဘူး၊ ဖရုံ၊ သခွားမွှေး၊ ဖရဲ၊ ကန်စွန်းဥ၊ ကြက်သွန်နီ စိုက်ပျိုးတာပါ။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးသီးနှံတွေဆိုတော့ စားသုံးသူတွေ နှစ်သက်စွာ ဝယ်ယူကြတယ်။ အော်ဂဲနစ် ဖရဲသီး၊ အော်ဂဲနစ်သခွားမွှေးသီး၊ အော်ဂဲနစ် ကန်စွန်းဥတွေ နိုင်ငံခြားသားတွေ ဝယ်တာများတယ်" ယင်းဒေသမှ စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ထို့ပြင် " ဘုရားဖူးလာကြတဲ့ ခရီးသွား ဘုရားဖူးဧည့်သည်များလည်း အိမ်ပြန်လက်ဆောင် မကွေးအမှတ်တရလက်ဆောင်အဖြစ် ဝယ်သွားကြတယ်လေ။ ဈေးနှုန်းလည်းမှန် သဘာဝအသီးအနှံလည်းဖြစ်၊ အသီးအနှံတွေ လတ်ဆတ်မှုကို ခွဲစိတ်ပြပြီး နမူနာပြပြီးရောင်းတော့ ရောင်းအားကောင်းပြီး ဝယ်သူတွေနှစ်သက်မှုရှိကြတယ်။ ရိုးရိုးသားသားရှာရတဲ့ ငွေလေးနဲ့ မြန်မာတို့ရဲ့ အခါကြီးရက်ကြီးမှာလည်း လှူဒါန်းနိုင်တယ်။ မြသလွန်ဘုရားကြီးကိုလည်း လှူဒါန်းနိုင်တယ်။ ဧရာဝတီကပေးတဲ့ စာနပ်ရိက္ခာကြောင့် ကုသိုလ်လည်းရ ဝမ်းလည်းဝတယ်"ဟု ဧရာဝတီမြစ်ရိုးကိုင်းကျွန်းစိုက်ပျိုးသူတစ်ဦးက ပြောပြပါသည်။

ကောင်းသုတ(မင်းဘူး)

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လျှပ်စစ်မှုူးရုံးတွင် ၁၀၀ KVA DEUI **၂၈၀** KW **နှင့်** HO 7C **၆၄** KW **လျှပ်စစ်မီး ဓာတ်အားပေးစက်နှစ်လုံးဖြင့် ပုံမှန်ဓာတ်အားပေးနေသော်လည်း သုံးစွဲမှုများပြားလာသဖြင့် နိုင်နင်းမှုမရှိသောကြောင့်သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြရာ မေ ၁၁ ရက်က ၁၁၀** KVA PERKINS, UK or EU **စက်အသစ်တစ်လုံး ထပ်မံချပေး၍ မင်းကင်းမြို့သို့ ရောက်ရှိလာပြီဖြစ်သဖြင့် မကြာမီအချိန်တွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။**

သတင်းနှင့် ဓာတ်ပုံ- ချင်းတွင်းသား (iprd)

ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပြုသတိပေး

ရန်ကုန် မေ ၂၀

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဂိတ်များတွင် နေ့စဉ် ဖြတ်သန်းသွားလာနေကြသည့် ယာဉ်အရေအတွက် မှတ်တမ်းအရ ပျမ်းမျှမော်တော်ယာဉ်အစီးရေ တစ်သောင်းခန့်တွင် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုမှာ တစ်စီး၊ နှစ်စီးခန့် တွေ့ရှိရ၍ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၀၁ ရာခိုင်နှုန်းနှင့် သုည ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပွားနေကြောင်း သိရသည်။ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် မော်တော်ယာဉ်၏ အခြေအနေနှင့် လမ်း၏ အခြေအနေကို သုံးသပ်၍ သင့်လျော်သည့် အရှိန်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည့် ကျွမ်းကျင်သောယာဉ်မောင်းသူများကိုသာ ယုံကြည်စွာ တာဝန်ပေးအပ်သင့်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အသိပေးထုတ်ပြန်ချက်များအရ အမြန်လမ်းမကြီးအတွင်း ဖြတ်သန်းသွားလာနေကြသောယာဉ်မောင်းသူများသည် ယာဉ်မောင်းအတွေ့အကြုံရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ မော်တော်ယာဉ်ကို တစ်နာရီလျှင်မိုင် ၆၀ သို့ ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။ ယာဉ်မောင်းများအရက်သေစာနှင့် မူးယစ်ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်းမပြုရ။ ယာဉ်မောင်း စဉ်ယာဉ်မောင်းသူ အိပ်မငိုက်ရ။(လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့်စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက် မှုဖြစ်စဉ်အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်ကများပါသည်။)

ထို့အပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်ကြံ့ခိုင်ရေးအတွက် ကောင်းမွန်ရမည့် အချက်များအရ မော်တော်ယာဉ်အောက်ပိုင်း တိုက်ရော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်၊ မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။ မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများကောင်းမွန်ရမည်။ (တိုက်ဆွေးနှင့်သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြုရမည်။) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ် သည်ထက်ပိုမဖြည့်ရ။ မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများကောင်းမွန်ရမည်။ ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ/ရောင်ပြန်များကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက် အချက်ပြမီး)မိုးရွာသည့်အချိန်တွင် ယာဉ်ကိုအရှိန်လျှော့၍မောင်းနှင်ရမည်။

ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍လိုအပ်ပါက ယာဉ်ကိုအချိန်မီ အရှိန်လျှော့၍ မောင်းနှင်နိုင်ရမည်။ (ဥပမာ-ရှေ့တွင် ရပ်ထားသည့် ယာဉ်၊ ဖြတ်သန်း သွားသည့် လူ၊ကျွဲ၊ နွား တိရစ္ဆာန်၊ ရေအိုင်၊ လမ်းကွေ့နှင့် တံတားများ)၊ ယာဉ်ကျောက်တက်ရာတွင် လမ်းလု မောင်းနှင်ကျော်တက်ခြင်း မပြုရ။ သတ်မှတ်ထားသော လမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီး လမ်းတစ် လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း အကြံပြုတင်ပြထားချက်များအရ သိရသည်။

စိုးဝင်း-MLA

"Animation Contest for ASEAN 2014"

အသိပညာပေးဆောင်းပါး

"ကျောင်းမွေးသက္ကရာဇ်"

wuólñfrnifrnifoGf

ယမန်နေ့အမှအဆက် –

ရေးတဲ့သူက သတိနှင့်ရေးဖြည့်ရသလို စစ်ဆေးတဲ့သူကလည်း အသိနှင့်သေချာစွာ တိုက်ဆိုင်စစ်ဆေးပြီးမှ အတည်ပြု လက်မှတ်ရေးထိုးပေးရမည်။ မိဘအုပ်ထိန်းသူများကလည်း ထွက်ခဲ့သောကျောင်းကပေးလိုက်သည့်အတိုင်းယူလာပြီး ဝင်လာသောကျောင်းသို့ ယူလာသည့်အတိုင်း မပေးလိုက်ကြပါနှင့် စစ်ဆေးကြည့်ကြပါဦး။

ကျွန်တော် အထက်တန်းကျောင်းအုပ်လုပ်ရသောကျောင်းတွင် တာဝန်ထမ်းဆောင်စဉ် ပညာသင်နှစ်တိုင်း ပင်မကျောင်းရော၊ ကျောင်းခွဲပါ စုစုပေါင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူ ခုနစ်ရာဝန်းကျင်ရှိစမြဲ။ စာမေးပွဲဝင်ခွင့် လျှောက်လွှာများ တင်ခါနီးလျှင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံကို မိတ္တူတွေကူးပေးပြီး ကလေးများအား အကြမ်းအားဖြင့် ကိုယ်တိုင်ကိုယ်ကျဖြည့်ခိုင်းရသည်။ ဖြည့်ပုံဖြည့်နည်းကို အတန်းပိုင်က လမ်းညွှန်ရသည်။ ရှင်းပြရသည်။ အတန်းပိုင်ကပဲ ဖြည့်ပြီးသောလျှောက်လွှာပုံစံမိတ္တူထဲမှ အချက်အလက်များကို (ခ)စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးသည်။ အချက်အလက်အားလုံးမှန်မှ လျှောက်လွှာပုံစံမူရင်းထဲသို့ ကလေးကိုယ်တိုင် အချောကူးခိုင်းသည်။ ကူးရေးတာကိုပင် မှားသည့်ကလေးကရှိသေးသည်။ အတန်းပိုင်မှာ အထပ်ထပ်အခါခါ ပြန်လည်စစ်ဆေးရသည်။ ပြီးလျှင် ကျောင်းရုံးအဖွဲ့နှင့် တက္ကသိုလ်ဝင်တန်းအတန်းမှူး၊ အတန်းပိုင်တို့က (၁) စာမေးပွဲဖြေဆိုမည့်သူအမည်စာရင်း (စာမေးပွဲသွင်းစာရင်း)၊ (၂) စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံ၊ (၃) စာမေးပွဲဝင်ခွင့်ကတ်ပြား ထိုသုံးမျိုးကို တစ်ယောက်တစ်မျိုးစီကိုင်ပြီး တစ်ယောက်က အချက်အလက်များအော်ပေးကာ တိုက်ဆိုင်စစ်ဆေးကြရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာတင်ချိန်တွင် ဆယ်တန်းကလေးတချို့တလေ အလုပ်တွေရှုပ်ကုန်ပြီ။ ပျာယာခတ်ကုန်ပြီ။ ကျောင်းသား၊ ကျောင်းသူအမည်တွေ၊ ဖခင်အမည်တွေ ပြောင်းချင်ရတာနဲ့။ မွေးသက္ကရာဇ်တွေကွဲလွဲလို့ ပြင်ချင်ရတာနဲ့။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးလျှင် ပြင်လို့၊ ပြောင်းလို့ မရတော့။

ကျွန်တော်တို့ခေတ် ဆယ်တန်းနှစ်က မြောက်ဥက္ကလာပ အထက(၁)တွင် စာမေးပွဲဝင်ကြေး (၁၅)ကျပ်ပေး လိုက်ရုံသာ။ လျှောက်လွှာပုံစံတွေကို သေသေသပ်သပ်၊ သန့်သန့်ရှင်းရှင်းနှင့် မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့်တူသည်။ အတန်းပိုင်ကပဲ ဖြည့်ပေးလေသလား။ ကျောင်းရုံးကပဲ ဖြည့်ပေးလေသလားမသိ။ ကျွန်တော်တို့ မဖြည့်ခဲ့ရ။

"ကျွန်တော် မွေးသက္ကရာဇ်မှားနေတယ်။ ဆယ်တန်းအောင်ရင် ဗိုလ်သင်တန်းလျှောက်မလို့။ အသက်ကကြီးနေတယ်။ မမီတော့ဘူး" ဆရာ၊ ဆရာမများက အနည်းဆုံး ဂုဏ်ထူးသုံးဘာသာမှန်ထားသောကောင်လေး။ မကျေမနပ်။ "ဆရာကြီး၊ သမီးကျောင်းအသက်က တစ်နှစ်ကြီးနေလို့" ငိုမဲ့မဲ့။ "သားအသက်က နှစ်နှစ် ငယ်နေတယ်။ သားကမပြင်တော့ဘူး။ ဆယ်တန်းမှာကျဦးမှာနဲ့ အတော်ပဲ"စပ်ဖြီးဖြီး။

ကလေးများအား အကြမ်းအားဖြင့် ကိုယ်တိုင်ကိုယ်ကျ ဖြည့်ခိုင်းရသည် . . .

ကလေးသုံးယောက်နှင့်အတူ ပါလာသော အတန်းပိုင်ဆရာမနှစ်ယောက်က (ခ)စာရင်းပါဖွင့်ပြသည်။ စာမေးပွဲဝင်ခွင့်လျှောက်လွှာပါ မွေးသက္ကရာဇ်နှင့် (ခ)စာရင်းပါမွေးသက္ကရာဇ် အတူတူပင်။ (ခ)စာရင်းသွင်းတုန်းက မှားတာများလား. . .။ ကျောင်းရုံးမှ စာရေးမတစ်ဦးကိုခေါ်ပြီး ပညာသင်နှစ်အလိုက် အဝင်ကျောင်းပြောင်းလက်မှတ်များဖိုင် (အဝင် TC ဖိုင်)များတွင် သက်ဆိုင်ရာကလေးများ၏ ကျောင်းပြောင်းလက်မှတ်များကို ရှာရသည်။ တခြားကျောင်းမှ စတုတ္ထတန်းအောင်ပြီး ပဉ္စမတန်းနှစ်မှာ ဝင်လာသောကလေးက တစ်ယောက်၊ ကျန်နှစ်ယောက်က တခြားကျောင်းမှ နဝမတန်းအောင်ပြီး ဒသမတန်းနှစ်မှာ ဝင်လာသောကလေး။ မကြာသေး။ ရှာလို့လက်လှမ်းမီသည်။ နောက်အထောက်အထားတစ်ခုက ကျောင်းစဖွင့်စ ဇွန်လဆန်းမှစ၍ ဩဂုတ်လကုန်နောက်ဆုံး အမီပို့ပေးရန် တောင်းထားသော ယခင်ထွက်ခဲ့သည့်ကျောင်းမှ"နဝမတန်းအောင်ကြောင်း ထောက်ခံချက်"ထိုထောက်ခံချက်တွင် မွေးသက္ကရာဇ်လည်းပါသည်။ ထောက်ခံချက်၊ အဝင်ကျောင်းပြောင်းလက်မှတ်၊ (ခ)စာရင်းတို့တွင်ပါသော မွေးသက္ကရာဇ်ကို တိုက်ဆိုင်စစ်ဆေးကြည့်သောအခါ တူနေကြသည်။ ဒါဆို ကိုယ့်ကျောင်းကမှားတာမဟုတ်။ ပြောင်းလာခဲ့သည့်ကျောင်းတစ်ကျောင်းကျောင်းက မှားခြင်းဖြစ်သည်။

ဒီကျောင်းမှာ သူငယ်တန်းကတည်းက နေလာသောကလေးဆိုလျှင် အခြေခံအုတ်မြစ်အတန်းကစ၍ လှန်ရှာရတော့မည်။ သူငယ်တန်းအပ်စဉ်က ကျောင်းဝင်ခွင့်ပုံစံနှင့်အတူတွဲတင်ရသော မွေးစာရင်းမိတ္တူ(မူရင်းနှင့်တိုက်ဆိုင် စစ်ဆေးပြီး)နှင့် မိဘအုပ်ထိန်းသူကိုယ်တိုင် "ကလေးအမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်. . . စသဖြင့်"ဖြည့်စွက်ပြီး၊ အတည်ပြုလက်မှတ်ထိုးထားသော "ငါးနှစ်ပြည့်ကြောင်း အသက်ဝန်ခံချက်(ပုံစံ"က")" တို့ကို ပြန်လှန်ရှာဖွေ၍ တိုက်ကြည့်ရတော့မည်။ မလွယ်ကူ။ အတော်ကို ရှာယူရပေမည်။

အကယ်၍ အမှားတွေ့ရှိပါက အမှန်ပြင်ဆင်ရန် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုမိန့်တောင်းခံရဦးမည်။ တင်ပြရန်အထောက်အထားအများကြီးကိုလည်း ရှာဖွေစုဆောင်းရဦးမည်။ လုံလောက်သောအချိန် မရှိတော့။ သင်ခန်းစာယူစရာပဲ။ ကျောင်းသား၊ ကျောင်းသူများ၏ (ခ)စာရင်းပါ အချက်အလက်များကို မှားလျှင်ပြင်ချိန်၊ ပြောင်းချိန်ရရှိစေရန် စောစောစီးစီး ကတည်းက အတန်းပိုင်မှတစ်ဆင့် အသိပေးကြေညာထားရန်။ (ဥပမာ- ကိုးတန်းနှစ်၊ ရှစ်တန်းနှစ်----ကတည်းက။)

နောက် မိဘများကိုခေါ်တွေ့အသိပေး၍ မွေးသက္ကရာဇ်ပြောင်းရန်နှင့်ပတ်သက်သော အထောက်အထားများအကြောင်း ရှင်းလင်းပြောပြရသည်။

(၁) မွေးသက္ကရာဇ်ပြင်ဆင်ခွင့်ပြုပါရန်၊ မိဘ/အုပ်ထိန်းသူ၏လျှောက်လွှာ(မူရင်း)။

(၂) သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ တင်ပြအစီရင်ခံစာ။

(၃) မိဘ၏[၅၀/-]တန်တံဆိပ်ခေါင်းကပ်ပြီး မိမိသား၊ သမီး၏ မွေးသက္ကရာဇ်အမှန်ကျမ်းကျိန်ချက်(မူရင်း)။

(၄) မွေးဖွားဖက်မိဘတစ်ဦး၏[၅၀/-]တန် တံဆိပ်ခေါင်းကပ်ပြီး မိမိသား၊ သမီးနှင့် မွေးသက္ကရာဇ်တူ၊ မွေးဖွားသူဖြစ်ကြောင်း ကျမ်းကျိန်ချက်(မူရင်း)။

(၅) မွေးဖွားဖက်တစ်ဦး၏ မိမိနှင့် မွေးသက္ကရာဇ်တူ၊ မွေးဖွားဖက်ဖြစ်ကြောင်း ထောက်ခံချက်(မူရင်း) [သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ ပူးတွဲတင်ပြရမည်။ ထောက်ခံစာတွင် ကျောင်းတံဆိပ်ဝိုင်း၊ ကျောင်းအုပ်ကြီး၏ လက်မှတ်၊ အမည်၊ ရာထူးတံဆိပ်တုံးရိုက်နှိပ်ပါရှိရမည်။]

(၆) အခြားမွေးဖွားဖက် မိဘတစ်ဦး၏ မိမိသား၊ သမီးနှင့် မွေးသက္ကရာဇ်တူမွေးဖက်ဖြစ်ကြောင်း ထောက်ခံချက်(မူရင်း)[သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာပူးတွဲတင်ပြရမည်။ ထောက်ခံစာတွင် ကျောင်းတံဆိပ်ဝိုင်း၊ ကျောင်းအုပ်ကြီး၏လက်မှတ်၊ အမည်၊ ရာထူးတံဆိပ်တုံးရိုက်နှိပ်ပါရှိရမည်။]

(၇) အိမ်ထောင်စုဇယား[ပုံစံ- ၁၀](မူရင်း)။

(၈) မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးတံဆိပ်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဆရာဝန်၏ လက်မှတ်၊ အမည်၊ ရာထူးတံဆိပ်တုံးရိုက်နှိပ်ပါရှိသော မွေးစာရင်း(မူရင်း)[သို့မဟုတ်]စစ်မှုထမ်းမိသားစုဖြစ်ပါက တပ်မတော်မှတ်တမ်းရုံးထောက်ခံစာ။

(၉) သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ မွေးသက္ကရာဇ်ပြင်ဆင်သူနှင့် တော်စပ်သည့် မွေးချင်းညီအစ်ကိုမောင်နှမအရင်းအချာများ၏ အသက်ထောက်ခံချက်(မူရင်း)။

(၁၀) ကျောင်းဝင်မှတ်ပုံတင်စာရင်း("ခ" စာရင်း)အရ သူငယ်တန်းတွင် စတင်လက်ခံခဲ့သော ရက်စွဲနှင့် မွေးသက္ကရာဇ်တို့ကို ထောက်ခံသောသက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံစာ(မူရင်း)။

(၁၁) ပညာသင်နှစ်အလိုက် အတန်းစဉ်အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ(မူရင်း)။

(၁၂) နိုင်ငံသားကတ်(မူရင်း)။ [မပြုလုပ်ရသေးပါက မပြုလုပ်ရသေးကြောင်း သက်ဆိုင်ရာ "ရယက"နှင့် "လဝက"တို့၏ ထောက်ခံစာများ။]

မိဘများစိတ်ပျက်သွားကြသည်။ ကျွန်တော်က တတ်သမျှ၊ မှတ်သမျှ၊ နှစ်သိမ့်ပေးရသည်။ ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ကြီး၏ သမီးတောင် ကျောင်းအသက်ကြီးနေသည့်ကိစ္စ ပြောပြရသည်။ သမီးမွေးသည့်နေ့က မွေးနေ့ပါသော ရွက်စုတ်ပြက္ခဒိန်စက္ကူရွက်ကလေးကို စုတ်ဖြဲပြီး၊ ကျွန်တော့်ဒိုင်ယာရီစာအုပ်၊ စာမျက်နှာတစ်မျက်နှာတွင် ချုပ်စက်နှင့် ကပ်ချုပ်၍အောက်တွင် "နံနက် ၅ နာရီ ၃၈ မိနစ်တွင် သမီးလေးမွေးဖွားသည်"ဟု ရေးထားသည်။ ယခုတိုင် ရှိနေဆဲ။

မကွေးမြို့ပေါ် "အမက"တစ်ကျောင်းတွင် သမီးကိုကျောင်းစထားခဲ့ပုံ။ ထိုကျောင်းသည် ဆရာ၊ ဆရာမများ အတန်းအလှည့်ကျ လှည့်သင်သည့်စနစ် (ROTATE SYSTEM)၊ အသက်ငါးနှစ်ပြည့်မှ သမီးကိုကျောင်းထားလျှင်---။ သူငယ်တန်းတွင်အလှည့်ကျသင်ရမည့်ဆရာမက အတော်လက်သံပြောင်သည့်ဆရာမ။ ဘာမျှမသိနားမလည်သေးသော သူငယ်တန်းကလေးများ စာသင်ခန်းမှာ "ပြန်းခနဲ"ရိုက်သံ၊ "အကနဲ"အော်သံ၊ "အုံးကနဲ"ထုသံ၊ "အွတ်ကနဲ"မြည်သံတို့ နာရီမခြားကြားနေရသည့်အခန်း။ အဲဒီဆရာမနှင့် သမီးတိုး၍မဖြစ်။ အသက်လေးနှစ်သမီးကို ငါးနှစ်လုပ်၍ တစ်နှစ်စောပြီး ကျောင်းထားလိုက်သည်။ အရိုက်ဆိုးသည့် ဆရာမနှင့်မတိုးတော့။ ကျောင်းအသက်တော့ တစ်နှစ်လုံးလုံးကြီးသွားသည်။ သမီးက ဧပြီလမွေး။

အတန်းငယ်စဉ်က မအေဆရာမ တာဝန်ကျရာကျောင်းငယ်တွေမှာ သမီးလိုက်နေသည်။ အတန်းကြီးလာတော့ ကျွန်တော်အထက်တန်းကျောင်းအုပ်တာဝန်ကျရာ ကျောင်းကြီးတွင် အဌမတန်းမှစ၍ ဖအေနှင့်လိုက်နေသည်။ တက္ကသိုလ်ဝင်တန်းကို ကျူရှင်ကောင်းကောင်းတက်လို့ရအောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထက်တန်းကျောင်းတစ်ကျောင်းမှာ ပြောင်းထားသည်။ အပေါက်အစများမည်စိုးသောကြောင့် သမီးမွေးသက္ကရာဇ်ကို အမှန်မပြင်လိုက်။

"ဝန်ထမ်းဘဝမှာ ရာထူးကြီးလေ တာဝန်ပိုကြီးလေ။ တာဝန်ပိုကြီးလေ စိတ်ဖိအားများလေ။ စိတ်ဖိအားများလေ ကျန်းမာရေးထိခိုက်လေ။ အသက်ပိုတိုလေ။"

"သမီးအသက် (၅၉) နှစ်မှာ အသက် (၆၀) ပြည့်၊ သက်ပြည့်ပင်စင်ယူရမှာ။ တစ်နှစ် စောနားရတော့ အသက်တစ် နှစ်ပိုရှည်တာပေါ့"

မဟာသိပ္ပံတက်နေပြီဖြစ်သောသမီးနှင့် အသက်ပြဿနာတက်နေသော ကျောင်းသား၊ ကျောင်းသူများ၏မိဘများကို ဤစကားနှင့် နှစ်သိမ့်လိုက်သည်။ ကျွန်တော့်ကိုကျွန်တော်လည်း ဤအတွေးနှင့် ဖြေသိမ့်လိုက်သည်။

ကျေးဇူးတင်လွှာ

(Open Tender)

ကုက္ကိုင်းရေကူးအသင်း

ဟောင်းလေသစ်လေ ယဉ်ကျေးမှုအမွေ

ရေစကြို၊ ဧပြီ ၂၁

မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက် မြန်မာပညာရှိများက မြန်မာ့ယဉ်ကျေးမှုများကို မှတ်တမ်းတင်ခဲ့ကြသည်။ သုတေသီများစွာတို့ကလည်း မိမိတို့ ရှာဖွေတွေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို ရှုထောင့်မျိုးစုံမှစာတမ်းများ၊ ဆောင်းပါးများ၊ စာအုပ်များအဖြစ် ရေးသားပြုစုခဲ့ကြသည်။

ဤကဲ့သို့ ပညာရှိများ၊ သုတေသီများ၏ ဖော်ထုတ်နိုင်ခဲ့မှုကြောင့် ခေတ်အဆက်ဆက် သမိုင်းဆိုင်ရာ အထောက်အထားပစ္စည်းများက လူမျိုးတစ်မျိုး၏ ပုံရိပ်၊ ဂုဏ်သိက္ခာနှင့် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဖြစ်ထွန်းနေသည်။ သမိုင်းအမွေအနှစ်၊ သမိုင်းအထောက်အထားပစ္စည်းများ၊ စာတမ်းများ၊ ဆောင်းပါးမှတ်စုများသည် လူတိုင်းလေ့လာတန်ဖိုးထား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြရမည့် အဖိုးတန်ရတနာများလည်းဖြစ်ပါသည်။

တန်ဖိုးမဖြတ်နိုင်သောလျှို့ဝှက်ချက်များဖြင့် ပြည့်နှက်နေသည့် . .

အဆိုပါ တန်ဖိုးကြီးမားရတနာများဖြစ်သော ရှေးဟောင်းအမွေအနှစ်ဘုရား၊ ပုထိုး၊ စေတီစသည့် သာသနိကအဆောက်အအုံများ၊ လက်ရာများ၊ ပန်းချီကားချပ်များ၊ လက်မှုပညာပစ္စည်းများ၊ ကျောက်စာများ၊ နံရံဆေးရေးပန်းချီများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပျူခေတ်သုံးဒင်္ဂါးများစသည်တို့သည် တန်ဖိုးမဖြတ်နိုင်သော လျှို့ဝှက်ချက်များနှင့် ပြည့်နှက်နေသည့် ထူးခြားသည့် သမိုင်းအထောက်အထားများ ဖြစ်သည်။ ထိုသမိုင်း အထောက်အထားများမှတစ်ဆင့် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာအဆင့်အတန်း အနိမ့်အမြင့်ကို ထင်ဟပ်စေပါသည်။

သို့ပါ၍ ထိုအကြောင်းအရာအခြေအနေများနှင့် ထင်ဟပ်နေသော "ပျူဒင်္ဂါး၊ ပျူပုတီးနှင့် ဟောင်းလွန်း၍ သစ်နေသောအလှများ" စာအုပ်သည် ရှေးဟောင်းသုတေသနဝါသနာရှင်များ၊ သမိုင်းသုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများ အထူးအားထားလေ့လာထိုက်သော စာအုပ်ဖြစ်ပါကြောင်း ရှာဖွေတင်ပြလိုက်ရပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

သတင်းတို

EASTERM GREEN ကုမ္ပဏီက အထည်ချုပ်စက်ရုံ တည်ဆောက်ရန် နွားထိုးကြီး၌ မြေနေရာရွေးပြီး

နွားထိုးကြီးမြို့နယ် အထည်ချုပ်စက်ရုံများ တည်ဆောက်ရေးစီမံကိန်းအရ နွားထိုးကြီးမြို့နယ် မြင်းခြံ-မန္တလေးကားလမ်း ရွာကြီးနှင့် ကံရွာကြားတွင် ဂျပန်နိုင်ငံမှ EASTERM GREEN ကုမ္ပဏီက အထည်ချုပ်စက်ရုံ တည်ဆောက်ရန် မြေဧက ၁၀၀ ကို ရွေးချယ်လိုက်ပြီဟု ရွာကြီးရွာသားတစ်ဦးက ပြောသည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ဂျပန်ကုမ္ပဏီတို့သည် မကြာမီက စက်ရုံတည်ဆောက်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဧက ၁၀၀ ရွေးခြင်းဖြစ်သည်။ ဂျပန်အထည်ချုပ်စက်ရုံအတွက် တစ်ဧကကျပ် ၂၅ သိန်းမှ ၂၈ သိန်းထိ ဈေးပေး၍ မြေဝယ်တည်ဆောက်ရန် မြေပိုင်ရှင်တောင်သူများနှင့် ညှိနှိုင်းနေကြောင်း ရွာကြီးရွာသစ် ရွာလူကြီးများက ဆိုသည်။ စက်ရုံတည်ဆောက်ရန် မြေနေရာရွေးပြီး၍ ယခုအခါ တည်ဆောက်ရေးဆိုင်းဘုတ်စိုက်ထူထားပြီဖြစ်ကြောင်း သိရသည်။

ဒွေးမြင့်မောင်

ဆောင်းပါး

"မြို့တော်တစ်ခွင် သာစေချင်"

atmifufn(qifqyf)

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းအားနှင့် လက်တွဲညီညာဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။ ရေစီးရေလာကောင်းမွန်ရေးတွင် အရေးပါသည့် ငမိုးရိပ်ချောင်း သောင်တူးခြင်းလုပ်ငန်းကို ငွေကျပ် သန်း ၆၅၀ ကုန်ကျခံကာ ဝန်ထမ်းအား၊ စက်ကိရိယာအင်အား၊ နည်းပညာပံ့ပိုးမှုအင်အားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေသည်။

ငမိုးရိပ်ချောင်း သောင်တူးခြင်းလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဆင့်များအလိုက် အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ (၁) ဆင်ဖုံချောင်းအဝမှ အောက်ဘက် ၁၅၀၀ မီတာနှင့် (၂) ဆင်ဖုံချောင်းအဝမှ ကျော်လျော်ရိုးအထိ ၂၀၅၀ မီတာလုပ်ကွက်များကို စတင်အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိနေပြီး၊ ငမိုးရိပ်ချောင်း သောင်တူးခြင်းလုပ်ငန်းပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရေမြောင်းများနှင့် ရေနုတ်မြောင်းများမှ စီးဆင်းလာမည့်ရေများကို ငမိုးရိပ်ချောင်းမှတစ်ဆင့် အချိန်တိုအတွင်း ထုတ်နုတ်ပေးနိုင်တော့မည်။ ရေကြီးရေလျှံမှုကို ကာကွယ်ပေးနိုင်တော့မည်ဖြစ်သည်။

မဟာရန်ကုန်ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ရန်ကုန်အနိမ့်ဆုံး ကြည့်မြင်တိုင်မှ ဗားကရာချိုင့်ဝှမ်း၊ ကားလမ်း လေးလမ်းဆုံရာ ချိုင့်ဝှမ်းတွင် မိုးတွင်းကာလရေတင် ရေဝပ်သည်ဟူ၍ မရှိ။ အနီးဆုံးစမ်းချောင်းရှိ ရှမ်းလမ်းမှတ်တိုင် လမ်းဆုံတွင် ရေတွေဖွေးဖွေး လျှပ်ရှိနေချိန် ဗားကရာချောက်မှာ ရေလုံးဝမရှိခြင်း။ လေးဖက်လေးတန် စီးဆင်းလာသမျှရေအားလုံး လုံးဝအစအနပျောက်သွားခြင်း၊ ဗားကရာချောက်၏ လျှို့ဝှက်ချက်ကိုသိနိုင်လျှင် ရန်ကုန်ရေကြီးရေလျှံမှုကို တစ်နည်းတစ်ဖုံ အဖြေရှာဖြေရှင်းနိုင်ပါလိမ့်မည်။

ရန်ကုန်ရေးကြီးရေလျှံမှု တားဆီးနိုင်ရေးစုပေါင်းဆောင်ရွက်လျက်ရှိနေသလို အခြားတစ်ဖက်တွင်လည်း ရန်ကုန်အမှိုက်သိမ်းလုပ်ငန်းကို မြို့တော်စည်ပင်မှ အစီအစဉ်သစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေသည်။ ၎င်းမှာ ရန်ကုန်မြို့၏ အမှိုက်သိမ်းလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းရန် တင်ဒါများခေါ်ယူနေခြင်းဖြစ်သည်။ ယနေ့ထိ အလုပ်အကိုင်အလိုက်လျှောက်လွှာဝယ်ယူထားသည့် ပြည်တွင်း ပြည်ပကုမ္ပဏီ ၁၆ ခုရှိနေပြီဟု သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်း ခရိုင်လေးခုခွဲ၍ အမှိုက်သိမ်းဆည်းခြင်း၊ သိမ်းဆည်းအမှိုက်များကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ သယ်ယူပို့ဆောင် စွန့်ပစ်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် တင်ဒါအောင်သည့် ကုမ္ပဏီက ၁၀ နှစ် လုပ်ဆောင်ခွင့်ရမည်။ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နေ့မှစ၍ လုပ်ကိုင်ခွင့်ရရှိမည်ဟု သိရသည်။

မဟာရန်ကုန်တွင် ရေကြီးရေလျှံမှုနှင့် အမှိုက်ကိစ္စကဲ့သို့ စနစ်တကျဖြစ်အောင်လုပ်ဆောင်သင့်သည့် နောက်ထပ်တစ်ခုမှာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ လူဦးရေ ၁၀ ရာခိုင်နှုန်းဖြစ်သော ပြည်သူ ခုနစ်သန်းဝန်းကျင် စုပြုံနေထိုင်လျက်ရှိရာ မဟာရန်ကုန်တွင် ဤလုပ်ငန်းသည်လည်း အများပြည်သူ စိတ်ချမ်းသာစေရေးတွင် အရေးကြီးသည့်အချက်တစ်ရပ် ဖြစ်ပါသည်။ မဟာရန်ကုန်၏ နေ့စဉ်ဝင်ထွက်သွားလာခရီးစဉ်တွင် ပြည်သူအများ ကားနှင့်ရထားအဓိကထား သွားလာလျက်ရှိနေကြသော်လည်း ရထားမှာ လူတိုင်းအတွက် အဆင်မပြေနိုင်ပါ။ သို့သော် ရထားစီးရသည်မှာ စီးရသူတိုင်းအား စိတ်ချမ်းသာစေပါသည်။ ယနေ့ကားလောကတွင် သုံးစွဲနေသည့် "ရပ်၊ ချ၊ တင်၊ ထွက်" စနစ်သည် ရထားအတွက်ဖြစ်နေသည်။ ဘူတာတိုင်းတွင် ပုံမှန်ရပ်သည်။ ပုံမှန်ထွက်သည်။ ရထား၏ စည်းကမ်းစောင့်ထိန်းမှု။

ခရီးသည်တင်ကားများမှာကား အများသိပြီးဖြစ်သည့်အတိုင်း အားနည်းချက်ပေါင်းမြောက်မြားစွာဖြင့် ပြောကြစတမ်းဆိုလျှင် တစ်ထောင့်တစ်ညပုံပြင်ကဲ့သို့ ပြောမဆုံးပေါင်တောသုံးတောင် ရှိချိမ့်မည်။ ရထားနှင့်ကားကွာခြားမှုတွင် အဓိကအချက်မှာ မီးရထားသည် ဝန်ကြီးဌာနအောက်တွင် စနစ်တကျရှိနေပြီး ခရီးသည်တင်ကားများမှာ ပုဂ္ဂလိကပိုင်ဖြစ်နေခြင်း၊ မထသ၏ ကြီးကြပ်မှုအောက်မှာဆိုလည်း ထိရောက်မှုမရှိ။ အနီးကပ်ဆုံးဖြစ်ရပ်မှာ သင်္ကြန်ကာလ ကားခပိုတောင်းခံနေရသောခရီးသည်များက အသိဆုံး။ ဆက်ဆံရေးကအစ ရထားနှင့်ကား လုံးဝမယှဉ်သာ။ စနစ်တကျနှင့် ဘဝအတွက် အာမခံချက်ရှိသော ဝန်ထမ်းနှင့် ဝန်ထမ်းမဟုတ်မှုကား အစစအရာရာ မိုးနှင့်မြေပမာ ကွာခြားသွားခြင်း။

မဟာရန်ကုန် ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ ရန်ကုန်အနိမ့်ဆုံး ကြည့်မြင်တိုင် . . .

ပြည်သူများ၏ နိစ္စဓူဝကားစီးခရီးသွားဒုက္ခများကို ကုစားနိုင်မည့်နည်းလမ်းကိုလည်း စဉ်းစားပေးသင့်ပါပြီ။ ရန်ကုန်မြို့တွင် လိုင်းပေါင်းစုံကားများကို ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲအောက်တွင်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးမှဖြစ်စေ ယခုလို တင်ဒါခေါ်သလို ကုမ္ပဏီများအား တင်ဒါခေါ်၍ဖြစ်စေ စီစဉ်ပေးနိုင်မည်ဆိုပါလျှင် ရန်ကုန်နေ ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းသာရှိကြမည် အမှန်ဖြစ်ပါသည်။ ထိုအချိန် ကွမ်းစား၊ ဆေးလိပ်သောက်၊ အော်ငေါက်၊ ရပ်ချင်ရပ်၊ ထွက်ချင်ထွက်နှင့် လုပ်တတ်ကြသည့် ကားမောင်းသူနှင့် ကားနောက်လိုက်များနေရာတွင် စနစ်တကျ ယူနီဖောင်းကိုယ်စီနှင့် ပြည်သူကို ကြည်ကြည်ဖြူဖြူ ဝန်ဆောင်မှုပေးသော မြို့အလှကို ဖော်ကျူးသော လူရည်မွန်ကားသမားများကို မျက်စိအေး၊ နားအေး မြင်တွေ့ခွင့်ရလာတော့မည် အမှန်ဖြစ်ပါကြောင်း။

(Open Tender)

ဆက်သွယ်ရန်

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

Vocational Engineering Training Center

တက္ကသိုလ်ပြင်ဆင်ဖွဲ့စည်းရေးနှင့် အရည်အသွေးထိန်းသိမ်းရေး

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အထွေထွေ အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများရှိနေပါသည်။ ပညာရေးနယ်ပယ်တွင် အထူးသဖြင့် အဆင့်မြင့်ပညာရေးကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်များကို ပြင်ဆင်ဖွဲ့စည်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရပါသည်။ မကြာမီကာလအတွင်း၌ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ တစ်ဆက်တည်းတွင် တက္ကသိုလ်အက်ဥပဒေများ ပေါ်ပေါက်စရာအကြောင်းရှိပါသည်။ အမျိုးသားဥပဒေကြမ်းတွင် တက္ကသိုလ်၊ ကောလိပ်များအား ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့် (Autonomy) နှင့် ပုဂ္ဂလိကတက္ကသိုလ် (Private University) ဖွင့်ခွင့်ပေးမည့်အကြောင်း သတင်းစာတွင် တွေ့ရပါသည်။

wuúodaemucHrkf

ဗြိတိသျှလက်ထက် ၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်နှင့် တွဲဖက်ထားပြီး ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ် (University) အဆင့်တိုးမြှင့်ပေးခဲ့ပါသည်။ ထိုနှစ်မှာပင် ခရစ်ယန် သာသနာပြု ကောလိပ် (Baptist-Affiliated College)၊ ယုဒသန်ကောလိပ် (Judson College)ကို ရန်ကုန်တက္ကသိုလ်နှင့် ပူးပေါင်းစေခဲ့ပါသည်။ ၁၉၂၅ ခုနှစ်တွင် မန္တလေးကောလိပ်ကို ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၃၀ ခုနှစ်တွင် ဆရာအတတ်သင်ကောလိပ်နှင့် တွဲဖက်ထားပြီးနောက် ၁၉၃၈ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်နှင့် တွဲဖက်ထားလိုက်ပါသည်။

၁၉၄၉ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်ရာတွင် မဟာဌာနများ (Faculties) အဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ်က သီးခြားတက္ကသိုလ်အဖြစ် ခွဲထွက်သွားပါသည်။

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်တွင် ကိုယ်ပိုင်စီမံခန့်ခွဲခွင့် ရနေသော ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်မှာ နိုင်ငံတော်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်သို့ ရောက်သွားပါသည်။

၁၉၆၄ ခုနှစ် ပညာရေးအက်ဥပဒေအရ ရှိရင်းစွဲမဟာဌာနများကို ပညာရပ်နယ်ပယ် (Field of Study) အလိုက် ဝိဇ္ဇာသိပ္ပံ၊ လူမှုရေးသိပ္ပံနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်များ (Professional Higher Education Institutions) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ဝန်ကြီးဌာန ၁၃ ခု၏ ကွပ်ကဲမှုအောက်တွင် ယခုအခါ တက္ကသိုလ်၊ ကောလိပ်စုစုပေါင်း ၁၆၉ ခုထိ တိုးလာပါသည်။

ဆိုရှယ်လစ်စနစ်မှ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာနေသောကြောင့် ခေတ်စနစ်နှင့်အညီ တက္ကသိုလ်၊ ကောလိပ်များကို ပြင်ဆင်ဖွဲ့စည်းရန် အထူးလိုအပ်လာပါသည်။

wuúodkvfaumvdyfukd,fydkifpDH cefYcGJ(Autonomous University)

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော် ၌ တက္ကသိုလ်ကောလိပ်များက အပ်နှင်းနေသော ဘာသာရပ်တတ်ကျွမ်းမှုဆိုင်ရာ ဘွဲ့လက်မှတ်များ၏ အရည်အသွေးကို ထိန်းသိမ်းထားရာတွင်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်များ အချင်းချင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရေးအတွက် လမ်းညွှန်ညှိနှိုင်းပေးရန် အခွင့်အာဏာရှိပါသည်။

ဖိလစ်ပိုင်နိုင်ငံ ၁၉၈၇ ခုနှစ် အခြေခံဖွဲ့စည်းပုံတွင် နိုင်ငံတော်က

(၁) နိုင်ငံသားအားလုံး အရည်အသွေးမြင့်မားသော ပညာရပ်များကို ပညာရေးအဆင့်တိုင်းတွင်သင်ယူခွင့်ရရှိရန်၊

(၂) ပြည်သူနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် ဆီလျော်မည့် ပညာရေးစနစ်ကို ဖော်ဆောင်ပေးရန်၊

a'¡ufwmouf/vGpDyG&;)

(၃) စာသင်ကျောင်း၊ ကောလိပ် တက္ကသိုလ်များအား လျော်ကန်သင့်မြတ်သော စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ ကြီးကြပ်ပေးရန်၊

(၄) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် တက္ကသိုလ်များအား မိတ်ဖက်ပညာရေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် အသိအမှတ်ပြုရန်

အစရှိသည့် ပြဋ္ဌာန်းချက်များကို တွေ့ရပါသည်။

အာရှ၊ ဥရောပနိုင်ငံအများစုတွင် တက္ကသိုလ်၊ ကောလိပ်များအား ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်ပေးထားကြောင်း တွေ့ရပါသည်။ အာဆီယံအဖွဲ့ဝင်ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများမှ တက္ကသိုလ်အချို့က ကိုယ်ပိုင်စီမံပိုင်ခွင့် ရထားကြပါသည်။ သို့ရာတွင် လုပ်ပိုင်ခွင့်တွင် ကန့်သတ်ချက်များရှိပါသည်။ ရှုထောင့်အချို့မှာ စီမံခန့်ခွဲပိုင်ခွင့် (Administrative Autonomy)၊ သင်ကြားရေးအစီအစဉ် ပြဋ္ဌာန်းပိုင်ခွင့် (Academic Autonomy)၊ ဝန်ထမ်းရွေးချယ်ခန့်ထားပိုင်ခွင့် (Recruitment/ Staffing Autonomy)၊ ငွေကြေးခွဲဝေသုံးစွဲပိုင်ခွင့် (Financial Autonomy) ဟူ၍ကွဲပြားမှုရှိပါသည်။ ပညာရေးမြှင့်တင်မှုအပိုင်း၌ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သော ကိုယ် ပိုင်စီမံခန့်ခွဲပိုင်ခွင့်မှာ (Academic Autonomy) တစ်ခုတည်းသာဖြစ်ပါသည်။ တက္ကသိုလ်ကောလိပ်တိုင်းက မိမိကျောင်းတည်ရှိရာ အရပ်ဒေသမှ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဘာသာရပ်များကိုလွတ်လပ်စွာ ပုံမှန်သင်တန်းပုံစံဖြင့်ဖြစ်စေ၊ အချိန်ပိုင်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းပုံစံဖြင့်ဖြစ်စေ သင်ကြားပို့ချပိုင်ခွင့်မှာ (Academic Autonomy) သာဖြစ်ကြောင်း ယုံကြည်ပါသည်။ တက္ကသိုလ်အများစုမှာ ယနေ့တိုင်ဆောင်ရွက်နေသော လုပ်ငန်းမျိုးလည်းဖြစ်ပါသည်။

trsdbm;wuúodrzfDhfa&;
(Formation of National Universities)

တက္ကသိုလ်ကောလိပ်များမှာ ဝန်ကြီးဌာန ၁၃ ခု အောက်တွင်ရှိသဖြင့် တက္ကသိုလ်တစ်ခုချင်းအတွင်း၌ ဘာသာရပ်အလိုက် ဌာနဖွဲ့စည်းပုံမှာကွဲပြားနေပါသည်။ တက္ကသိုလ်အသိုင်းအဝိုင်းများတွင် မဟာဌာနစနစ်ကို ပိုမိုလိုလားကြောင်း သတင်းထွက်နေပါသည်။ ၁၉၆၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်ပေါင်း (၅၀) (ရာစုနှစ်ဝက်ခန့်) သီးခြားရပ်တည်လာသော တက္ကသိုလ် အဆင့်နည်းပညာ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေး/ရေ၊ စီးပွားရေး၊ ပညာရေး၊ ဆေး၊ ရေကြောင်းအစရှိသည့် တက္ကသိုလ်ကြီးများကို တက္ကသိုလ်တစ်ခုခုနှင့် ချိတ်ဆက်၍ မဟာဌာနအဖြစ်ပူးပေါင်းစေခဲ့လျှင် သို့တည်းမဟုတ် ပူးတွဲထားစေခဲ့လျှင် လက်တွေ့မဆန်သောကြောင့် ကန့်ကွက်သူများ၊ ငြင်းဆိုသူများရှိကောင်း ရှိနိုင်ပါသည်။ ပထမအဆင့်အနေဖြင့် ကွပ်ကဲမှုတာဝန်ယူထားသော ဝန်ကြီးဌာနကပင် ဦးဆောင်၍ မိမိတက္ကသိုလ်ကောလိပ်များရှိ ဌာနများကို မဟာဌာနများအဖြစ် ဖြစ်စေ၊ တက္ကသိုလ်ကောလိပ်အစုအဖွဲ့ (Cluster) အဖြစ်လည်းကောင်း၊ အမျိုးသားတက္ကသိုလ် (National University) အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းပေးသင့်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ အတွေ့အကြုံအရ ဟန္နွိုင်းအမျိုးသားတက္ကသိုလ်နှင့် ဟိုချီမင်းအမျိုးသားတက္ကသိုလ်ဟူ၍ နှစ်ခုတည်းသာရှိပါသည်။ တက္ကသိုလ်ကောလိပ်များအား နဂိုရှိရင်းစွဲအမည်ကိုမပြောင်းဘဲ ဆက်လက်ထားရှိစေကာနီးရာ အမျိုးသားတက္ကသိုလ်နှင့် ညှိနှိုင်းဆောင်ရွက်ရန် နိုင်ငံတော်က လမ်းညွှန်ထားသည်ဟု သိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

နှစ်သစ်မင်္ဂလာ ကုသိုလ်ပြု

ပုသိမ် မေ ၂၂

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်) မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့ အမှတ်(၄၉)တာဝတိံသာလမ်း၌ စာရေးဆရာ မြို့နယ်သတင်းထောက် ဦးလှကြည်(ပုသိမ်လှကြည်) - ဒေါ်မြမြဝင်း၊ သမီး မသင်းသင်းလှ၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ မမွှေးမွှေးလှနှင့် လှရတနာဝင်းမိသားစုက (၁၁)ကြိမ်မြောက် စတုဒိသာ ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသုံးစာအုပ်များကံထူးရှင်မဲများဖြင့် ကုသိုလ်ပြုလှူဒါန်းပွဲကျင်းပသည်။ အဆိုပါ နှစ်သစ်မင်္ဂလာကုသိုလ်ပြုပွဲတွင် ပုသိမ် အထက(၂) (ယခင်နေရှင်နယ်အမျိုးသားကျောင်း) အငြိမ်းစားဆရာ ဆရာမကြီးများ ကျန်းမာရေးဖောင်ဒေးရှင်းပဒေသာပင် (ကျပ်တစ်သိန်း)ကိုကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခ၊ အတွင်းရေးမှူး ဦးဝင်းအောင်သက်တို့ထံပေးအပ်သည်။ (အပေါ်ပုံ)

"ကျွန်တော်ကတော့ ပြည့်စုံကြွယ်ဝသူမဟုတ်ပါ။ ကိုယ်စားနေတဲ့ အာဟာရလေးကို ဘေးကလူကိုလည်း မျှတဝေငှပေးလိုတဲ့ စိတ်အရင်းခံရှိပါတယ်။ တိပိဋကမင်းကွန်းဆရာတော်ကြီး ဩဝါဒအရ တစ်ဇွန်းဆန်စနစ်ဖြင့် လစဉ်ရရှိတဲ့ စာမူခလေးတွေနဲ့ ဆန်၊ ဆီ၊ ဆား စုဆောင်းဝယ်ယူခြင်းဖြင့် လှူဒါန်းရခြင်းဖြစ်ပါတယ်၊ သားတွေ သမီးတွေကလည်း စိတ်ဝင်စားလာတော့ ကျွန်တော့်ဆန္ဒအတိုင်း နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တိုင်း ရပ်ကွက်အတွင်းနေထိုင်ကြတဲ့ ရပ်သူ ရွာသားများနှင့် လမ်းသွားလမ်းလာမှအစ တစ်ပိုင်တစ်နိုင် လှူဒါန်းရခြင်းဖြစ်ပါတယ်၊ ကျွန်တော်က စာသမားတွေ မုဒိတာပွားဖို့သတင်းပို့တာကြွားဝါမှု လုံးဝမဟုတ်ပါဘူး။ ကျွန်တော့်အလှူပွဲနဲ့နည်းစနစ်ကို လေ့လာသူ တစ်ဦးဖြစ်တဲ့ ဘိုကလေးမြို့နယ်သတင်းထောက်ကလည်း အတုယူကာ စာမူခလေးများစုဆောင်းပြီး မေ ၂၈ ရက်မှာ သားရှင်ပြုပွဲကျင်းပမယ်လို့ လှမ်းပြီး ဖိတ်ကြားတော့ အံ့မခန်းဝမ်းသာ ပီတိဖြစ်ရပါတယ်"ဟု ဆရာလှကြည်က ရင်တွင်းစကားပြောကြားသည်။

(ပုသိမ်-လှကြည်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ထရန်စဖော်မာများ
(၂) လိုင်းနှင့်ခွဲရုံသုံးပစ္စည်းများ
(၃) လမ်းမီးဌာနသုံးပစ္စည်းများ

အမှတ်စဉ်(၁)	တင်ဒါပိတ်မည့်ရက်	- ၃၀-၄-၂၀၁၄ရက်
အမှတ်စဉ်(၂)နှင့်(၃)	တင်ဒါပိတ်မည့်ရက်	- ၂၁-၅-၂၀၁၄ရက်
	တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်
နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
“တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်”

